# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ တနင်္ဂနွေနေ့၊ (28-5-2006) (၄၉၇၁)




**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်းငါးကျမ်း အာဂုံအောင် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ ဒဂုံမြို့နယ် တိပိဋကကျောင်းတိုက်မှ အရှင်သီလာစာရ အရှင်သူမြတ်အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ဆက်ကပ်စဉ်။** (သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း (၅၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည့်ရှု

**ရန်ကုန် မေ ၂၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၅၈)ကြိမ်မြောက် တိပိဋကရွေးချယ်ရေးစာမေးပွဲတွင် ပိဋကတ်သုံးပုံကျမ်းအစုံကို အာဂုံပြန်ဆိုခြင်း၊ ရေးသားဖြေဆိုခြင်းပြုတော်မူခဲ့ကြ၍ သုတ္တန္တ ပိဋက ဒီဃနိကာယ်သုံးကျမ်း ရေးဖြေအောင် ဒီဃနိကာယ ကောဝိဒနှစ်ပါး၊ ဝိနယပိဋက ဝိနည်းဒုတိယပိုင်း သုံးကျမ်းရေးဖြေအောင် ဝိနယကောဝိဒတစ်ပါး၊ ဝိနယပိဋက ဝိနည်းပထမပိုင်းနှစ်ကျမ်း ရေးဖြေအောင် ဥဘတော ဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ အဘိဓမ္မပိဋက အဘိဓမ္မာ ပထမပိုင်းငါးကျမ်း အာဂုံအောင် မူလအာဘိဓမ္မိကနှစ်ပါး၊ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်းအာဂုံအောင် ဒီဃဘာဏက တစ်ပါး၊ ဝိနယပိဋက ဝိနည်းဒုတိယပိုင်းသုံးကျမ်းအာဂုံအောင် ဝိနယဓရ ၁၈ပါးနှင့် ဝိနယ ပိဋကဝိနည်းပထမပိုင်းနှစ်ကျမ်း အာဂုံအောင် ဥဘတော ဝိဘင်္ဂဓရ ၄၂ပါး စုစုပေါင်း ၇၃ပါးတို့အား



ချီးကျူးပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည့်ရှုကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဘိဓမ္မပိဋက အဘိဓမ္မာ ပထမပိုင်း

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❁

**(၅၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ မင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် ပွင့်စည်းကိုအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၈-၅-၂၀၀၆
(တနင်္ဂနွေနေ့)

## ကျန်းမာရေးသတိဖြင့် သွေးလွန်တုပ်ကွေး ကာကွယ်တားဆီး

လူတိုင်းလူတိုင်း ကျန်းမာခြင်းနှင့် ပြည့်စုံကောင်းမွန်နေရန် လိုအပ်သည်။ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဖော်ဆောင်ရာတွင် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အဓိကထား၍ ဆောင်ရွက်လျက်ရှိကြသည်။

ယခုအချိန်အခါသည် မိုးရာသီသို့ ဝင်ရောက်စပြုလာပြီဖြစ်ရာ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းလျှော ဝမ်းပျက်ရောဂါ၊ နှာစေးအဖျားရောဂါများမဖြစ်ပွားစေရန် အစားအသောက်၊ အနေအထိုင်၊ သွားလာလှုပ်ရှားမှုများတွင် သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တို့တွင် ပေါက်ပွားသောခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်နိုင်သည်။ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် ရေစည် ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားခြင်း၊ ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးခြင်း၊ ရေစည်ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ခြင်းတို့ကို သတိပြုလုပ်ဆောင်ကြရမည်ဖြစ်သည်။

ထို့အပြင် မိမိအိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များအား မြေဖို့ခြင်း၊ အိမ်ပတ်ဝန်းကျင်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ရှင်းလင်းခြင်း၊ မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့အား ရှင်းလင်းခြင်း၊ အိမ်တွင်းအိမ်ပြင် သန့်ရှင်းစွာထားခြင်း၊ အလင်းရောင်ရရှိရန် တံခါးများကို နေ့အချိန်များတွင် ဖွင့်ထားခြင်း၊ ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့် သိပ်ခြင်းတို့ကိုလည်း အခါမလပ်ပြုလုပ်ကြရန် လိုအပ်ပါသည်။

ပြည်သူများက နေအိမ်ရပ်ကွက် လမ်းများအလိုက် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးပြုလုပ်ခြင်း၊ ခြင်၊ ယင်များ ကင်းစင်ရေးအတွက် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေတွင်း ရေကန်များ ပိုးသတ်ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်းစသည့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို အသိစိတ်ဓာတ်ရှိရှိဖြင့် ဆောင်ရွက်သင့်ကြသည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော နှိုးဆော်ချက်များ၊ ပညာပေးဆောင်ပုဒ်များကိုလည်း သိရှိလိုက်နာကြရန်လိုအပ်သည်။ ရောဂါကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံးကလည်း ကျန်းမာရေးသတိဖြင့် ဆင်ခြင်နေထိုင်ခြင်း၊ ကျန်းမာရေးအသိဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် လူတိုင်းလူတိုင်း အသက်ရှည်ကျန်းမာကြံ့ခိုင်နိုင်ကြမည် ဖြစ်ပါသည်။ ။



## သန်လျင်ဆေးရုံသို့ အလှူငွေများပေးအပ်

**ရန်ကုန် မေ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ကုသလျက်ရှိသော ချို့တဲ့လူနာများနှင့် မြို့နယ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူရှင်များမှ ပထမအကြိမ် စုပေါင်းအလှူငွေပေးအပ်ပွဲကို မေ ၂၅ရက်က သန်လျင်ပြည်သူ့ဆေးရုံခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် ဦးစိန်လွင်-ဒေါ်ဖြူဖြူခိုင် **(အပေါ်ပုံ)** မိသားစုမှ အလှူငွေကျပ် ၁၀သိန်း၊ ဦးမြင့်သန်း-ဒေါ်သက်သက်မာမိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဦးကြည်ဟုတ်-ဒေါ်တင်မာဆွေ မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးသန်းထွဋ်-ဒေါ်မိုးမိုးသန့် မိသားစုက ကျပ်ငါးသိန်း၊ ဦးခင်ဝင်း-ဒေါ်တင်သန်းမိသားစုမှ ငွေကျပ်သုံးသိန်း၊ ဦးမြင့်သိန်း-ဒေါ်မွှေးမွှေးမိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်ရွှေအိမ် မိသားစုက ငွေကျပ်တစ်သိန်း၊ စုစုပေါင်း ငွေကျပ်သိန်း ၃၀ကို အသီးသီးပေးအပ်လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေး၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ဇော်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (၅၂၇)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၂၇

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် ဒုတိယကော်မရှင်နာ Mr. Zhang Xinfeng ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် ဒုတိယကော်မရှင်နာ Mr. Zhang Xinfeng နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုလည်း တက်ရောက်သည်။

(သတင်းစဉ်)


**ပညာရေးဝန်ကြီးဌာန**
**ကျောင်းအပ်နှံရေးသီတင်းပတ်**
**မေလ ၂၅ရက်မှ ၃၁ရက်အထိ**

**ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး**
**ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး**

**၂၀၀၆-၂၀၀၇ ပညာသင်နှစ်**
**ကျောင်းအပ်နှံရေး သီတင်းပတ်**
**မေလ ၂၅ရက်မှ ၃၁ရက်အထိ**

**မြို့နယ်ကျောင်းအပ်နှံရေးနေ့မှစ၍**
**ကျောင်းသုံး ဖတ်စာအုပ်များကို**
**ကျောင်းများတွင် ရောင်းချပေးမည်။**

**ပညာရေးဝန်ကြီးဌာန**

# အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆီအုန်းစိုက်ပျိုးရေး

ကြည်တင်
(မြန်မာ့နစ်ရှည်ပင်လုပ်ငန်း)

ဆီအုန်းပင် Oil Palm (Elaeis guineensis)၏ မူရင်းဒေသမှာ အနောက်ဂီနီကျွန်းစု (West Africa) ဖြစ်ပါသည်။ ၁၅ ရာစု နောက်ပိုင်းတွင် Africa မှတစ်ဆင့် အရှေ့တောင်အာရှနှင့် လက်တင်အမေရိကနိုင်ငံများ၏ အီကွေတာရပ်ဝန်းတစ်လျှောက်သို့ ပျံ့နှံ့ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ဆီအုန်းကို ၁၉၂၀ ခုနှစ်ကတည်းက လယ်ယာစိုက်ပျိုးရေးဌာနခွဲ လက်အောက်ရှိ မုဒုံ၊ မှော်ဘီ၊ မြောင်းမြနှင့် စစ်တွေ ဗဟိုစိုက်ပျိုးရေးဥယျာဉ်များတွင် စမ်းသပ်တင်သွင်းစိုက်ပျိုးခဲ့ရာ အချို့စိုက်ခင်းများမှာ တိမ်ကောပပျောက်ခဲ့သော်လည်း ထားဝယ်ခရိုင် ရေဖြူမြို့နယ် ဧကနိကျေးရွာရှိ ၁၉၂၆ ခုနှစ်၌ စိုက်ပျိုးထားခဲ့သော ဆီအုန်းစိုက်ခင်း Dura စစ်စစ် မိခင်ပင်၂၈၃ဧကမှာ ယနေ့တိုင် ရှင်သန်ဖြစ်ထွန်းနေပါသည်။

အလားတူ ၁၉၆၀ပြည့်နှစ်တွင် မလေးရှားနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့မှ ဆီအုန်းမျိုးစေ့ ၂၅၀၀ကျော်ခန့် ဆက်သွယ်ရရှိခဲ့သဖြင့် မြိတ်ခရိုင် ဘုတ်ချောင်းကျေးရွာတွင် စိုက်ပျိုးခဲ့ပါသည်။ ၁၉၇၂ခုနှစ်တွင် ပြည်တွင်း၌ နှစ်စဉ်တင်သွင်းနေရသော စားသုံးဆီတန်ချိန် ၁ဒသမ၅သိန်းကို အစားထိုးနိုင်ရန်အတွက် သီးနှံများတွင် ဆီအထွက်နှုန်း အကောင်းဆုံးဖြစ်ပြီး နှစ်ပေါင်းများစွာ ဆီထုတ်ယူနိုင်သည့် ဆီအုန်းကို နိုင်ငံတော်က အောက်ပါဒေသများ၌ တိုးချဲ့စိုက်ပျိုးခဲ့ပါသည်-

| စဉ် | စိုက်ပျိုးသည့်ခုနှစ် | စိုက်ပျိုးရာဒေသ | စိုက်ဧက |
|---|---|---|---|
| ၁ | ၁၉၇၂-၁၉၈၀ | ပုဂေါ်ခွန်းကျေးရွာ၊ရေဖြူမြို့နယ် | ၄၉၇၃ |
| ၂ | ၁၉၇၈-၁၉၈၄ | ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ် | ၁၂၀၀ |
| ၃ | ၁၉၇၈ | သံတွဲမြို့နယ်၊ သံတွဲခရိုင် | ၈၉ |
| ၄ | ၁၉၈၀ | ကော့သောင်းမြို့နယ်၊ကော့သောင်းခရိုင် | ၁၀၇၅ |
| ၅ | ၁၉၈၂ | အကျဉ်းဦးစီးဌာန၊ကော့သောင်းမြို့နယ် | ၆၄၂၃ |
| ၆ | ၁၉၇၉-၁၉၈၄ | တနင်္သာရီမြို့နယ်၊ မြိတ်ခရိုင် | ၃၀၅၀ |
| ၇ | ၁၉၇၉-၁၉၈၃ | လောင်းလုံမြို့နယ်၊ထားဝယ်ခရိုင် | ၁၆၀၀ |
| | | စုစုပေါင်း | ၁၈၄၁၀ |

သို့ဖြစ်ရာ ၁၉၈၇ ခုနှစ်အထိ တနင်္သာရီတိုင်းဆီအုန်းစိုက်ပျိုးထားရှိမှု အခြေအနေမှာ မြန်မာ့နစ်ရှည်ပင်လုပ်ငန်းမှ ဆီအုန်းစိုက်ဧက ၁၁၉၈၇ ဧကနှင့် အကျဉ်းဦးစီးဌာနမှ ၆၄၂၃ ဧက စုစုပေါင်း ဆီအုန်းစိုက်ဧက ၁၈၄၁၀ ရှိခဲ့ပါသည်။

မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍထွက်ကုန်ကိုအခြေခံထားသည့် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ သီးနှံစုံ စိုက်ပျိုးရာတွင် ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပြည်တွင်းစက်ရုံများအတွက် စက်မှုကုန်ကြမ်းဖူလုံရေးတို့အပြင် ပြည်ပပို့ကုန် တိုးမြှင့်ရောင်းချနိုင်ရေးစသည့် ဦးတည်ချက်(၃)ရပ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် အထူးအာရုံစိုက်၍ဆောင်ရွက်လျက်ရှိပါသည်။ အခြေခံစားကုန်များအနက် စားသုံးဆီထုတ်လုပ်မှုမှာ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံစွာထုတ်လုပ်နိုင်ခြင်းမရှိသေးပါ။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူဦးရေသည် ၂၀၀၀ ပြည့်နှစ်တွင် ၅၀ ဒသမ ၁၂ သန်းရှိရာ ၂၀၁၀ ပြည့်နှစ်တွင် သန်း ၆၀အထိရှိလာမည်ဖြစ်ပါသည်။ ပြည်တွင်းစားသုံးဆီလိုအပ်ချက်မှာ တစ်နှစ်လျှင် လူတစ်ဦးလျှင်ပျမ်းမျှစားသုံးမှု ၄ ဒသမ ၅ ပိဿာနှုန်းရှိသဖြင့် စားသုံးဆီလိုအပ်ချက်မှာ မက်ထရစ်တန်ချိန် ၄ ဒသမ ၅ သိန်းခန့်လိုအပ်မည်ဖြစ်ပါသည်။



ဆီအုန်းပင်များ ပျိုးထောင်ထားမှုကို ဤသို့တွေ့ရသည်။

ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းစသည့် ဆီထွက်သီးနှံများမှ ဆီထုတ်လုပ်နိုင်မှုမှာ တစ်နှစ်လျှင် တန်ချိန် နှစ်သိန်းခန့်ရှိရာ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် စားသုံးဆီ လိုအပ်ချက်မှာ နှစ်စဉ်ပြည်ပမှ စားအုန်းဆီတန်ချိန် ၁ ဒသမ ၅ သိန်းမှ နှစ်သိန်းအထိ ဝယ်ယူတင်သွင်းရမည်ဖြစ်ပါသည်။ ထို့ကြောင့် စားသုံးဆီသီးနှံများကို ပိုမိုစိုက်ပျိုး၍ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နိုင်ငံတော်က စီမံချက်များချမှတ်ကာ ဆောင်ရွက်လျက်ရှိနေပါသည်။

ဆီအုန်းစိုက်ပျိုးရာတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ရင်းနှီးမြှုပ်နှံလာခြင်းဖြင့် နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်စေရန်အတွက် နိုင်ငံတော်က တိုင်းရင်းသားလုပ်ငန်းရှင်များအားအားပေးမှုဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ နိုင်ငံတော်၏ လမ်းညွှန်မှုဖြင့် ၁၉၉၄-၉၅ ခုနှစ်မှ ၁၉၉၈-၉၉ ခုနှစ်အတွင်း တနင်္သာရီတိုင်းတွင် ဆီအုန်းဧက ၅၃၅၀၀ တိုးချဲ့စိုက်ပျိုးရန် အထူးစီမံကိန်းတစ်ရပ်အနေဖြင့် တိုင်းရင်းသား လုပ်ငန်းရှင်အဖွဲ့များမှ ပါဝင်ဆောင်ရွက်လာရေးစီမံဆောင်ရွက်ခဲ့ပါသည်။ ယင်းစီမံကိန်းတွင် ဆီအုန်းတိုးချဲ့ စိုက်ပျိုးဧက ၆၁၆၁ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ထားဝယ်ဒေသတွင် ဆီအုန်းခြံငယ်၊ ခြံလတ်စိုက်ပျိုးသည့် ဒေသခံခြံရှင်များ များပြားလာခဲ့ပါသည်။

မြန်မာနိုင်ငံ၏ရေမြေရာသီဥတုအရ ဆီအုန်းစိုက်ပျိုးထုတ်လုပ်နိုင်သောဒေသများမှာ တနင်္သာရီတိုင်းတောင်ပိုင်းဒေသများဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်က တနင်္သာရီတိုင်းအတွင်း ဆီအုန်းဧကငါးသိန်းအထိရည်မှန်းချက်ထားပြီးစိုက်ပျိုးရန် လမ်းညွှန်ထားပါသည်။ တနင်္သာရီတိုင်း ဆီအုန်းတိုးချဲ့စိုက်ပျိုးရေးအတွက် နိုင်ငံအကြီးအကဲများဦးဆောင်၍ ဝန်ကြီးများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများသည် ဌာနဆိုင်ရာ



အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆီအုန်းပင်များကို ဤသို့တွေ့ရသည်။

တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလုပ်ငန်းရှင်အဖွဲ့များလိုက်ပါ၍ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်မှ ၁၀ ရက်အထိ တနင်္သာရီတိုင်းသို့ ကွင်းဆင်းလေ့လာခဲ့ပြီး တိုင်းရင်းသားလုပ်ငန်းရှင်အဖွဲ့များအား တနင်္သာရီတိုင်း ထားဝယ်ဒေသမှ ကော့သောင်းဒေသအထိ လမ်းဘေးဝဲယာရှိ ဆီအုန်းတိုးချဲ့စိုက်ပျိုးနိုင်မည့် မြေနေရာများကို ပြသပေးခဲ့ပါသည်။

အဆိုပါ ဆီအုန်းတိုးချဲ့ရေးကို ဆောင်ရွက်ခဲ့ကြသော်လည်း ၁၉၉၇ခုနှစ်အထိ ဆီအုန်းတိုးချဲ့စိုက်ပျိုးရန်အတွက်လိုအပ်သော ဆီအုန်းစပ်မျိုးစေ့များကို နိုင်ငံခြားမှ မှာယူတင်သွင်းပြီး ဆောင်ရွက်ခဲ့ရပါသည်။ ၁၉၉၈ခုနှစ်မှစတင်ပြီး တနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေး အထူးစီမံကိန်းအတွက် လိုအပ်သောဆီအုန်းစပ်မျိုးစေ့များကို မြန်မာ့နစ်ရှည်ပင်လုပ်ငန်း သုတေသနနှင့်စက်ရုံများဌာနခွဲ လက်အောက်ရှိ နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနတွင် စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီး ဖြန့်ဖြူးပေးလျက်ရှိပါသည်။ ထို့အပြင် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်သော သုတေသနလုပ်ငန်းများကို ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ဆီအုန်းအသုံးချ သုတေသနဌာနကို တနင်္သာရီတိုင်း ရွှေဒူး၊ မြိတ်မြို့တွင် ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလမှ စတင်၍လည်းကောင်း၊ ဧကနိဆီအုန်းမျိုးစေ့ခြံကို ၂၀၀၅ ခုနှစ် အောက်တိုဘာလမှစတင်၍ လည်းကောင်း အင်အားပြည့် တည်ထောင်ခဲ့ပါသည်။

**နိုင်ငံတော်အစိုးရက ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆီအုန်းစိုက်ပျိုး ထုတ်လုပ်ရောင်းဝယ်မှုလုပ်ငန်းကို ပြည်သူများအား လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုထားသကဲ့သို့ အခြားတစ်ဖက်မှလည်း စိုက်ဧကပိုမိုရရှိရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များသာမက ဒေသခံပြည်သူများကိုပါ စည်းရုံးစိုက်ပျိုးစေပြီး ၎င်းတို့လိုအပ်သော မျိုး၊ ပံ့ပိုးပစ္စည်း၊ အရင်းအနှီးနှင့် နည်းပညာရပ်များ အလွယ်တကူရရှိရေး အားပေးကူညီဆောင်ရွက်လျက်ရှိပါသည်**။ ဆီအုန်းစိုက်ပျိုးသူများ ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့နစ်ရှည်ပင်လုပ်ငန်း၏ ဆီအုန်းတိုးချဲ့စိုက်ပျိုးရေးစီမံချက် ဇုန်နယ်မြေအတွင်းရှိ စိုက်ခင်းနှင့် တစ်ဆက်စပ်တည်းဖြစ်သော မြေနေရာများတွင်ရှိသော စက်ရုံများအတွက် စိုက်စရိတ်၊ စက်ရုံစရိတ်ဈေးငွေများကို ၃၁-၃-၂၀၀၄ရက်နေ့မှစ၍ ဈေးငွေသတ်မှတ်ချက်စည်းကမ်းများနှင့်အညီ ထုတ်ဈေးပေးလျက်ရှိပါသည်။ ယခုအခါ တိုင်းရင်းသားလုပ်ငန်းရှင်နှင့် ကုမ္ပဏီ ၁၅ခုတို့အတွက် ဈေးငွေကျပ်သိန်းပေါင်း ၄၄၅၂၂ထုတ်ဈေးပြီး ဖြစ်ပါသည်။

ဆီအုန်းစိုက်ခင်းများသည် စိုက်ပျိုးပြီး သုံးနှစ်အကြာတွင် ဆီသီးခိုင်များစ၍ အသီးတင်ထွက်ရှိလာမည်ဖြစ်သဖြင့် ဆီကြမ်းထုတ်လုပ်ရန်နှင့် ဆီချောထုတ်လုပ်ရန်တို့အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နစ်ရှည်ပင်လုပ်ငန်းက တစ်ရက်လျှင် ၁၀တန်ကျ ဆီကြမ်းသန့်စင်ရေးစက်ရုံကို ရန်ကုန်မြို့ သဃ်န်းကျွန်းတွင်လည်းကောင်း၊ တစ်နာရီလျှင် ဆီသီးခိုင် ၁ဒသမ၅တန် ကြိတ်ဝါးနိုင်သော ဆီကြမ်းစက်ရုံကို မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အင်ဘို ဆီအုန်းခြံတို့တွင်လည်းကောင်း တည်ဆောက်ပြီးဖြစ်၍ ဆီကြိတ်ထုတ်လုပ်နိုင်ပြီဖြစ်ပါသည်။ အလားတူ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ယုဇနကုမ္ပဏီကလည်း တစ်နာရီလျှင် တန် ၃၀ ကျ ဆီကြမ်းစက်ရုံတစ်လုံးကို တည်ဆောက်ပြီးစီးပြီဖြစ်၍ ဆီများထုတ်လုပ်နေပြီဖြစ်ပါသည်။

ယခင်က တနင်္သာရီတိုင်း ကော့သောင်းဒေသသို့ ရန်ကုန်မြို့မှ လေကြောင်း၊ ရေကြောင်းခရီးတို့ဖြင့်သာ ကူးသန်းသွားလာခဲ့ရသော်လည်း ယခုအချိန်တွင် တိုက်ရိုက်ကားလမ်းများ တိုးချဲ့ဖောက်လုပ်ပေးထားပြီးဖြစ်၍ ကားလမ်းခရီးဖြင့် လျင်မြန်လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ပါသည်။ ကားလမ်းဘေး ဝဲယာတစ်လျှောက်တွင်လည်း ဆီအုန်းပင်များဖြင့် စိမ်းလန်းစိုပြည်လှပလျက် ရှိနေပါသည်။

ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ၏ ဆီအုန်းစိုက်ခင်းများ၊ ဆီကြိတ်စက်ရုံများဖြင့် တနင်္သာရီဒေသသည် ဖွံ့ဖြိုးတိုးတက်စည်ကားလျက်ရှိပါသည်။ ယခုအခါ ၎င်းဒေသတွင် ဆီအုန်းစိုက်ပျိုးရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား လျာထားပေးသည့်မြေမှာ ၁၄၃၁၆၁၉ဧကဖြစ်ပြီး ၂၀၀၁ခုနှစ်မှ ၂၀၀၆ခုနှစ် မေလအထိ ၁၆၃၀၄၈ ဧက တိုးချဲ့စိုက်ပျိုးပြီးစီးခဲ့ပြီး အထူးအောင်မြင်လျက်ရှိပါသည်။

ဆက်လက်၍ နိုင်ငံတော်၏ စားသုံးဆီဖူလုံရေး အဓိကရည်မှန်းချက်ဖြစ်သော ဆီအုန်းစိုက်ဧကငါးသိန်းပြည့်မီရေးကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့နစ်ရှည်ပင်လုပ်ငန်းအနေဖြင့် မိခင်မျိုးရိုးပင်စစ်စစ်ဖြစ်သော ဧကနိဒူရာမျိုးနှင့် ကျိုက်ထိုမြို့နယ် ဘုရားလမ်းဆီအုန်းသုတေသနခြံမှ ထုတ်ယူရရှိသော Pesifera အဖိုဝတ်မှုန်တို့ဖြင့် ပြည်ပနိုင်ငံများနည်းတူ စနစ်တကျမှန်ကန်စွာ ဝတ်မှုန်ကူးမျိုးစပ်၍ တင်နရာစပ်မျိုးများကို အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ ဖြစ်ပါသည်။ ၎င်းမျိုးစေ့များကို ပြည်တွင်း၌ စိုက်ပျိုးထားခဲ့ရာ ခုနစ်နှစ်သက်တမ်းသို့ ရောက်ရှိလာပြီဖြစ်၍ အောင်မြင်စွာ သီးပွင့်နေပြီဖြစ်ပါသည်။ ASDမျိုး စိုက်ခင်းများနှင့် နှိုင်းယှဉ်လေ့လာခဲ့ရာ မြန်မာ့နစ်ရှည်ပင်လုပ်ငန်းက ထုတ်လုပ်သည့် တင်နရာစပ်မျိုးမှာ အပင်ကြီးထွားမှုပိုကောင်းပြီး အမခိုင်ထွက်ရှိမှု ရာခိုင်နှုန်း ၁၂မှ ၁၃ရာခိုင်နှုန်းအထိရှိ၍ ASD မျိုးနှင့်တူနေသည့်အပြင် ခေါင်ညွှန့်ပုပ်ရောဂါကို မြန်မာ့ဆီအုန်းမျိုးမှာ လုံးဝခံနိုင်ရည်ရှိပြီး ASD မျိုးမှာ ၎င်းရောဂါကို ၅မှ ၁၀ရာခိုင်နှုန်းအထိ ကျရောက်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါ မြန်မာ့နစ်ရှည်ပင်လုပ်ငန်းမှ ထုတ်လုပ်သည့် ဆီအုန်းတင်နရာစပ်မျိုး အစိုဖောက်စေ့တစ်စေ့လျှင် ကျပ် ၁၅၀နှုန်းဖြင့် တစ်နှစ်လျှင် မျိုးစေ့ ၃၅မှ ၇၅သိန်းအထိ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။



တောင်ကိုရီးယားနိုင်ငံ၏ အဓိကဆိပ်ကမ်းတစ်ခုဖြစ်သည့် ဘူဆန်ဆိပ်ကမ်းမြို့ရှုခင်းကိုတွေ့ရစဉ် *(ဓာတ်ပုံ-အင်တာနက်)*

# ဒေသတွင်း ပဋိပက္ခသစ်ထပ်မံ ပေါ်ပေါက်စေရန် အမေရိကန်ကမဖန်တီးနိုင်ဟု အီရန်ပြောကြား

**အစ္စလမ္မာဘတ် မေ ၂၆**

အီရန်နိုင်ငံ၏ ယူရေနီယမ်သန့်စင်ရေးလုပ်ငန်းများ ရပ်ဆိုင်းစေရေးအတွက် အီရန်အပေါ် နိုင်ငံတကာဖိအားပေးမှုများ မြင့်မားနေမှုအပေါ် အီရန်နိုင်ငံခြားရေးဝန်ကြီးက အရေးမစိုက်ဟန်ပြသလိုက်ပြီး အမေရိကန်အနေဖြင့် ဒေသတွင်း ပဋိပက္ခသစ်တစ်ရပ် ထပ်မံပေါ်ပေါက်စေရန် မဖန်တီးနိုင်တော့ကြောင်းပြောကြားသည်။

အချိန်မရွေး ပေါက်ကွဲနိုင်သည့် ဒေသတွင်း ပဋိပက္ခတစ်ရပ်မပေါ်ပေါက်စေရန် လူတိုင်း ရှောင်ရှားလိုကြသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး မော်တာကီက ပါကစ္စတန် နိုင်ငံပိုင်ရုပ်မြင်သံကြားအစီအစဉ်သို့ ပြောကြားသည်။

တစ်ချိန်တည်းတွင် အမေရိကန်အနေဖြင့် အမေရိကန်ပြည်ထောင်စုရှိ အခွန်ထမ်းဆောင်ရသူများအပေါ် ပဋိပက္ခသစ်တစ်ရပ် ဖန်တီးပေးနိုင်သည့် အနေအထား မရှိကြောင်း မော်တာကီကပြောကြားခဲ့သည်။ ၎င်းက အာဖဂန်နစ္စတန်နှင့် အီရတ် ပဋိပက္ခများတွင် အမေရိကန်တပ်ဖွဲ့ဝင်များ စေလွှတ်ထားရသည့်အတွက် ငွေကုန်ကြေးကျများနေမှုအပေါ် ရည်ညွှန်း၍ ပြောကြားခြင်း ဖြစ်သည်ဟုဆိုသည်။ အီရန်သည် ယင်း၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အနောက်အုပ်စုနှင့် ပြဿနာ ဖြစ်ပွားနေသည်။ အီရန်၏ ယူရေနီယံ သန့်စင်ရေး အစီအစဉ်ကို နျူကလီးယားလက်နက် ထုတ်လုပ်ရန်အတွက်ဖန်းပြလုပ်ကိုင်နေသည်ဟု အမေရိကန်က စွပ်စွဲခဲ့သည်။

အီရန်နျူကလီးယား အစီအစဉ်နှင့် စပ်လျဉ်း၍နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ မူဘောင်အတွင်းနှင့်သံတမန်နည်းလမ်းအရညှိနှိုင်းဆွေးနွေးလိုသည်ဟုလည်း မော်တာကီက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ***

# ဘီနင်တွင် လောင်စာသယ်ယာဉ် ပေါက်ကွဲမှုဖြစ်၊ ၃၅ ဦးသေဆုံး

**ကိုတိုနို မေ ၂၆**

ဘီနင်နိုင်ငံတွင် ဓာတ်ဆီလောင်စာသယ်ယာဉ်ပျက်စီးသွားပြီးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၃၅ ဦးသေဆုံးပြီး ၈၀ ဒဏ်ရာရရှိကြောင်း၊ ပျက်စီးသွားသော ဓာတ်ဆီတင်ယာဉ်မှ ယိုဖိတ်လာသော ဓာတ်ဆီများကိုခံယူရန်ကြိုးစားကြရာမှ ပေါက်ကွဲမှု ဖြစ်သည်ဟု အမျိုးသားရေဒီယိုက မေ ၂၅ ရက်တွင် ထုတ်လွှင့်သွားသည်။ ဘူကီနာဖာဆိုဒေသနယ်စပ်ရှိ ပေါ်ဂါမြို့အနီး လျှိုတစ်ခုအတွင်းသို့ ဓာတ်ဆီ လောင်စာသယ်ယာဉ်ထိုးကျသွားခြင်း ဖြစ်သည်ဟု ဒေသဆိုင်ရာပြင်သစ်ရဲတပ် ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြား သည်။

ကားသည်လျှိုထဲသို့ထိုးကျသွားပြီးနောက် လောင်စာများ ထွက်ကျလာသည်။ ထွက်ကျလာသော ဆီများကို ခံယူရန် အနီးနားရှိကျေးရွာမှ လူများ အပြေးရောက်ရှိလာကြရာမှ ပေါက်ကွဲမှုဆက်လက်ဖြစ်ပွားရခြင်း ဖြစ်ကြောင်း ပေါ်ဂါ ပြင်သစ်ရဲတပ်ဖွဲ့မှ လာဆီယာမိုရာက ရိုက်တာသတင်းဌာနသို့ ဖုန်းဖြင့် သတင်းပေးပို့ သည်။

ထွက်ကျလာသော လောင်စာများနှင့် မော်တော်ယာဉ်၏ ပူနေသော မော်တာတို့ ထိတွေ့မိရာမှ ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်ဟု မိုရာကဆက်လက်ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် သေဆုံးသူကို တိကျစွာအတည်ပြုနိုင်ခြင်းမရှိကြောင်း မိုရာက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ သို့သော် ပေါက်ကွဲမှုကြောင့် မီးလောင်သေဆုံးသူများရှိပြီး အချို့မှာ ဒေသဆိုင်ရာ ဆေးရုံသို့ရောက်မှသေဆုံးသူများလည်းရှိသည်ဟု ဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

## မလေးရှား ဓာတ်အားခနှုန်း ကိုးနှစ်ကြာအတွင်းပထမဆုံးတိုးမြှင့်

**ကွာလာလမ်ပူ မေ ၂၆**

မလေးရှားနိုင်ငံတွင် လျှပ်စစ်ဓာတ်အားခများကို ပျမ်းမျှအားဖြင့် ၁၂ ရာခိုင်နှုန်း တိုးမြှင့်မည်ဟု မေ၂၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ဓာတ်အားနှုန်းထား တိုးမြှင့်ခြင်းသည် ၁၉၉၇ ခုနှစ်ကာလမှစ၍ ပထမအကြိမ် တိုးမြှင့်ခြင်းဖြစ်သည်ဟု သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

မေ ၂၄ ရက် နံနက် စည်းဝေးပွဲ၌ ဓာတ်အားခနှုန်းထား တိုးမြှင့်ခြင်းကို ဝန်ကြီးအဖွဲ့ကသဘောတူခွင့်ပြုကြောင်း၊ မလေးရှားနိုင်ငံတွင် ဓာတ်အားခနှုန်းအသစ်သတ်မှတ်သည့်ကိစ္စမှာ ဇွန် ၁ ရက်တွင် စတင်အကျိုးသက်ရောက်မှုရှိမည်ဟု စွမ်းအင်၊ ရေနှင့် ဆက်သွယ်ရေးဝန်ကြီး လမ်ခန်ရက်ခ်က ပြောကြားသည်။

ဓာတ်အားခနှုန်းထားအသစ်ကြောင့် နှစ်စဉ်အခွန်ငွေ ရင်းဂစ် ၁ ဒသမ ၅ ဘီလီယံပိုမိုလာပြီး အခြေခံ လုပ်ငန်းပိုင်းတွင်ထပ်မံရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေဖြစ်ပေါ်လာမည်ဟု လမ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




# အင်ဒိုနီးရှားတွင် အင်အားပြင်းငလျင်လှုပ် သေဆုံးသူဦးရေ ၃၀၀၀ ခန့်ရှိကြောင်း ဖော်ပြ

**ဂျကာတာ မေ ၂၇**

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဂျာဗားကျွန်းဒေသ ဝန်းကျင်တွင် စနေနေ့က အင်အားပြင်းထန်သည့်ငလျင်လှုပ်သွားခဲ့ရာ ထိခိုက် သေဆုံးရသော ဦးရေသည် နောက်ဆုံးဖော်ပြသည့် သတင်းများအရ ၃၀၀၀ နီးပါးရှိသွားပြီ ဖြစ်ကြောင်း သိရသည်။

အင်အား ၆ဒသမ၂အဆင့်အထိ ပြင်းထန်သောငလျင်ကြောင့် ဘန်တူအရပ်မှာထိခိုက်သေဆုံးမှု အများအပြားဖြစ်ပေါ်ခဲ့ရသည်။ စုစုပေါင်းသေဆုံးသူဦးရေ၏ သုံးပုံနှစ်ပုံမှာ ဘန်တူဒေသမှဖြစ်သည်။ထိုအရပ်သည်ဂျော့ဂျာကာတာမြို့၏တောင်ဘက်တွင်တည်ရှိသည်။

ဘန်တူဒေသအပြင် အခြားသော အရပ်များ၌လည်း ထိခိုက်သေဆုံးမှုများရှိသည်။ ပါလ်တာဘီအရပ်တွင် ၁၀၀ဦး၊ ပေါလ်ရီစ်စလီမန်အရပ်တွင် ၅၅ဦးနှင့် ပေါလ်ရီစ်ဂူနံကီဒူးလ် အရပ်တွင် ၂၁ဦး သေဆုံးကြောင်း သတင်းရရှိသည်ဟု ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဘန်ဇန်းစမ်ပူနာက ပြောကြားသည်။ ဂျော့ဂျာကာတာသည် အင်ဒိုနီးရှားနိုင်ငံ၏ ရှေးဟောင်းမြို့ဖြစ်ပြီး ဂျကာတာမြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၄၄၀ အကွာတွင် တည်ရှိသည်။

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယူနိုက ကျန်းမာရေးဝန်ကြီးဌာနကို အတိဒုက္ခရောက်နေသူထောင်ပေါင်းများစွာတို့အား ချက်ချင်း အကူအညီ အထောက်အပံ့များပေးရန် ညွှန်ကြားထားသည်။ ထို့အပြင် တပ်ဖွဲ့ဝင်များကိုလည်း ငလျင်ဒဏ်ခံ ဒေသများသို့ စေလွှတ်ထားပြီး ဖြစ်သည်။ ဂျော့ဂျာကာတာမြို့ရှိ အဒီစိုစပ်တိုလေယာဉ်ကွင်း၏ ပြေးလမ်းမှာ အက်သွားပြီး လေယာဉ်ကွင်း အဆောက်အအုံအမိုးများလည်း ပြိုကျခဲ့သည်။ ထိုအခြေ အနေများကြောင့် ဂျော့ဂျာကာတာ လေယာဉ်ကွင်းသို့ ဝင်ထွက်မည့် လေယာဉ်အားလုံးကို ပိတ်ထားလိုက်ရကြောင်း အင်တာရာသတင်းဌာနကဖော်ပြသည်။ ***အင်တာနက်***



**အင်ဒိုနီးရှားတွင် စနေနေ့က လှုပ်သွားသည့် အင်အားပြင်းငလျင်ကြောင့် ပျက်စီးသွားသော ဂျော့ဂျာကာတာမြို့ရှိ အဆောက်အအုံအချို့ကို မေ ၂၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ထိုင်းမြောက်ပိုင်း၌ ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်

**ဗန်ကောက် မေ ၂၆**

ထိုင်းနိုင်ငံမြောက်ပိုင်း၌ မေ ၂၄ ရက်တွင် ရေကြီးမှု ဖြစ်ပွားလာသောကြောင့် ကျယ်ပြန့်လှသည့်ဒေသအတွင်း ပျက်စီးမှုဖြစ်ခြင်း၊ဖရာပြည်နယ်မြောက်ပိုင်း ရေလှောင်တမံ အက်သွားခြင်းနှင့် တက်စ်ပြည်နယ်အနောက်မြောက်ဘက်ဆည် ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။ အဆိုပါ ဘေးဒုက္ခကြောင့် မေ ၂၅ရက် နံနက်ပိုင်းထိ သေဆုံးသူဦးရေ ၅၁ ဦးရှိပြီး ပျောက်ဆုံးသူ ၁၇၄ဦးရှိသည်ဟု သတင်းတစ်ရပ်၌ ဖော်ပြသည်။

မေ ၂၂ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်များနှင့်ရေလှောင်ကန်တမံများတွင် ရေလျှံလာပြီး ထိုင်းနိုင်ငံမြောက်ပိုင်း ပြည်နယ် ငါးခုသို့ စီးဆင်းသွားသည်။ မြစ်ရေလျှံမှုကြောင့် မြေပြိုမှုများလည်းဖြစ်ပွားပြီး ဥတာရာဒစ်ပြည်နယ်တွင် ၇၅ ဦး ပျောက်ဆုံးလျက်ရှိသည်။

ပျောက်ဆုံးသွားသူများသည် အသက်ရှင်လျက်နှင့် ပြိုဆင်းလာသော မြေစိုင်မြေသားများအောက်တွင် မြုပ်သွားခြင်းဖြစ်သည်ဟု ဖော်ပြသည်။ ဘေးဒုက္ခကျရောက်ရာဒေသတွင် သေဆုံးသူဦးရေသည် အနည်းဆုံး ၅၁ဦးရှိပြီး၁၇၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း နောက်ဆုံးရရှိသောသေဆုံးမှုစာရင်းကို ဗန်ကောက်ပို့စ်သတင်းစာက မေ ၂၅ရက်တွင် ဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# တရားမဝင် ရေဒီယိုအသံလွှင့်ဌာန ၈၇ခု ပါကစ္စတန် အစိုးရက ပိတ်ပင်

**အစ္စလမ္မာဘတ် မေ ၂၆**

ပါကစ္စတန်နိုင်ငံ၏ အနောက်မြောက်နယ်စပ်ပြည်နယ်များတွင် တရားမဝင် လွှင့်ထုတ်နေသည့် ရေဒီယိုအသံလွှင့်ဌာန ၈၇ ခုရှိရာ အဆိုပါလုပ်ငန်းများကို ပါကစ္စတန် အစိုးရက ပိတ်ပင်ခဲ့ကြောင်း အာဏာပိုင်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ ဖော်ပြပါ ဒေသရှိ ရေဒီယိုအသံလွှင့်ဌာနများကို လွန်ခဲ့သည့် သုံးလအတွင်းက ပိတ်ပင်ခဲ့ကြောင်း ပါကစ္စတန်အီလက်ထရွန်နစ် မီဒီယာ သတင်းဌာန စည်းကမ်းထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မူဟာမက်ဆာလင်က ပြောကြားသည်။ ဖော်ပြပါရေဒီယိုအသံလွှင့်ဌာနများမှ တစ်ဆင့် အသံလွှင့်ဟောကြားချက်များကြောင့် ဒေသအများစုတွင် တင်းမာမှုများပေါ်ပေါက်လာကာ ပြိုင်ဘက် ခေါင်းဆောင်အချို့ကလည်း အလားတူ ရေဒီယိုအသံလွှင့်ရုံများ တည်ထောင်လာကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**ရုရှားနိုင်ငံအနောက်တောင်ပိုင်း ကိုမီးဒေသရှိ စက္ကူစက်ရုံ၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းခွင် တစ်နေရာကို မေ ၂၅ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ဒါဖိုးဒေသတွင် ကုလသမဂ္ဂစစ်ရေးအရပါဝင်မည့်ကိစ္စ ဆူဒန်နိုင်ငံက ခွင့်ပြုမည်မဟုတ်ဟုဆို

**ခါတွမ် မေ ၂၆**

ဆူဒန်နိုင်ငံ၏ အနောက်ပိုင်းဒေသဖြစ်သည့် ဒါဖိုးတွင် စစ်ရေးအရ ပါဝင်ပတ်သက်ရန်အတွက် ကုလသမဂ္ဂကို ခွင့်ပြုမည်မဟုတ်ကြောင်း ဆူဒန်နိုင်ငံခြားရေးဝန်ကြီး လစ်အက်ကိုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

လစ်အက်ကိုက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ အထူးသံတမန်နှင့် တွေ့ဆုံဆွေးနွေးရာတွင် ဖော်ပြပါအတိုင်း ပြောကြားသည်ဟု နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျမားမိုဟာမက်အီဘရာဟင်က ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ဒါဖိုးဒေသနှင့် ပတ်သက်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ ဒါဖိုးငြိမ်းချမ်းရေး သဘောတူညီချက်တွင် လုံခြုံရေးကိစ္စများနှင့်ပတ်သက်၍ ကုလသမဂ္ဂ သို့တည်းမဟုတ် အာဖရိကသမဂ္ဂ (အေယူ)မှတစ်ပါး အခြားပါတီအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ဖြည့်ဆည်းဖော်ပြထားခြင်းမရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များကို ပြောကြားသည်။ ဆူဒန်အစိုးရက မိနီအာကူမီနာဝီ ဦးဆောင်သည့် ဆူဒန်လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့ (အက်စ်အယ်လ်အမ်)နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကို နိုင်ဂျီးရီးယားနိုင်ငံ မြို့တော် အဘူဂျာတွင် မေ ၅ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

သို့ရာတွင် အဗ္ဗဒူအယ်လ်ဝါဟစ်အယ်လ်နူး ခေါင်းဆောင်သည့် အက်စ်အယ်လ်အမ် ဂိုဏ်းခွဲနှင့် ခါလီ အီဘရာဟင် ဦးဆောင်သည့် တရားမျှတရေးနှင့် သာတူညီမျှရေးလှုပ်ရှားမှု (ဂျေအီအမ်)အဖွဲ့တို့က ယင်းငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်မထိုးခဲ့ကြပေ။ အေယူက မေ ၃၁ ရက်မတိုင်မီ ယင်းစာချုပ်ကို လက်မှတ်ရေးထိုးရန် အချိန်ပေးထားသည်။ လုံခြုံရေးကောင်စီက ဒါဖိုးငြိမ်းချမ်းရေးသဘောတူညီချက် ဖော်ဆောင်ရန်နှင့် ဒါဖိုးဒေသသို့ အေယူမှ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များစေလွှတ်ရန် မေ ၁၆ ရက်က ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ဆူဒန်အစိုးရက အေယူတပ်ဖွဲ့ဝင်များ၏နေရာတွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များနှင့် အစားထိုးသည့် အစီအစဉ်ကို အပြင်းအထန်ဆန့်ကျင်ပြီး ဒါဖိုးသို့ ကုလသမဂ္ဂမှ အကဲဖြတ်အဖွဲ့ကို သွားခွင့်ပြုခဲ့ခြင်းမရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဂျပန်နိုင်ငံ တိုကျိုမြို့၌ ပြုလုပ်သည့် ရိုဘော့စက်ရုံဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြသသော စက်ရုပ်တစ်ရုပ်ကို မေ ၂၆ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ဖီဂျီလေကြောင်းလိုင်းမှလေယာဉ် ပြေးလမ်းချော်

ဝယ်လင်တန် မေ ၂၅

**ဖီဂျီလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်းသည် မေ ၂၄ ရက်က လေယာဉ်ကွင်းသို့ဆင်းသက်စဉ် လမ်းချော်သွားသည့်အတွက် လေယာဉ်မှာအနီးရှိ အုန်းစိုက်ခင်းအတွင်း ရောက်ရှိသွားသည့်ကိစ္စကို သက်ဆိုင်ရာလေကြောင်းလိုင်းက စုံစမ်းမှုများ ပြုလုပ်နေပြီဖြစ်သည်။**

လေယာဉ်ငယ်တစ်စင်းသည် ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီခန့်က ကွင်းသို့ အဆင်း လမ်းချော်သွားသည်ဆိုသော ဖြစ်ရပ်မှာ ဟုတ်မှန်ကြောင်း ဖီဂျီလေကြောင်းလိုင်းမှ ပြောရေး ဆိုခွင့်ရှိသူ ရစ်ချက်ဘရောဘရစ်ချ်က ပြောကြားခဲ့သည်ကို ကိုးကား၍ ဖီဂျီလိုက်ဖ်သတင်းဌာနက ဖော်ပြခဲ့သည်။

အထက်ပါ အဖြစ်အပျက်ကြောင့် ခရီးသည်များနှင့် လေယာဉ်အဖွဲ့သားများမှာ တစ်စုံတစ်ရာ ထိခိုက်မှုမရှိဟု ဆိုသည်။

ခရီးသည် ၁၀ ဦးမှာ တစ်စုံတစ်ရာ ထိခိုက်မှုမရှိသည် မှန်သော်လည်း ၎င်းတို့၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးနိုင်ရန် အားလုံးကို ဒေသခံဆေးရုံသို့ ခေါ်ဆောင်သွားခဲ့သည်ဟု အခင်းဖြစ်ပွားစဉ်က လေယာဉ်ပြေးလမ်းပေါ်သို့ ရောက်ရှိခဲ့သော မီးသတ်သမားတစ်ဦးက ပြောကြားသည်။

**မတွေ့ရှိရ**

ကနဦး စစ်ဆေးလေ့လာချက်များအရ အဆိုပါ လေယာဉ်တွင် စက်ပိုင်းဆိုင်ရာ တစ်စုံတစ်ရာ ချို့ယွင်းမှုရှိသည်ကို မတွေ့ရှိရကြောင်း သိရသည်။ အခင်းဖြစ်ပွားမှုသတင်းကို ဖီဂျီလေကြောင်း အာဏာပိုင်အဖွဲ့သို့လည်း အကြောင်းကြားထားခဲ့ပြီး ဖြစ်ကြောင်း ဖီဂျီလိုက်ဖ်သတင်းဌာနက ဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**ကမ္ဘောဒီးယားနိုင်ငံ တောင်ပိုင်းရှိ ပြည်ပရောင်းတန်းဝင်ရော်ဘာစိုက်ခင်းများတွင်ရော်ဘာစေးခြစ်နေသူများကို တွေ့ရစဉ်** *(ဓာတ်ပုံ-အင်တာနက်)*

# စပိန်တွင် အသက်တစ်နှစ်ခွဲရှိ သမီးငယ်တစ်ဦး ကိုယ်အင်္ဂါအစိတ်အပိုင်းခြောက်ခု အောင်မြင်စွာ အစားထိုးကုသ

**မဒရစ် မေ ၂၆**

အသက်တစ်နှစ်ခွဲရှိ မတ်တပ်ပြေးစ သမီးငယ်တစ်ဦးကိုခွဲစိတ်၍ ကိုယ်အင်္ဂါအစိတ်အပိုင်းအသစ် ခြောက်ခုကို အစားထိုးကုသခဲ့ရာ အောင်မြင်မှုရှိကြောင်း ဆေးရုံသတင်းရပ်ကွက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

၎င်းသမီးငယ်လေး၏ ကျောက်ကပ်၊ အူသိမ်အူမ၊ အစာအိမ်၊ အစာအိမ်အောက်ရှိ အူသိမ်၊ အစာချေအကျိတ်နှင့် သရက်ရွက်စသည့် အင်္ဂါအစိတ်အပိုင်းခြောက်ခုကို အစားထိုးကုသပေးခဲ့သည်။ ထိုကုသမှုကို စပိန်နိုင်ငံ မဒရစ်မြို့တော်ရှိ လာပက်ဇ်တက္ကသိုလ်ဆေးရုံတွင် ၂၄ နာရီခန့်ကြာသည်အထိ ခွဲစိတ်ကုသပေးခဲ့ခြင်းဖြစ်သည်ဟု အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

၎င်းကလေးငယ်သည် ခရစ္စတီနာဆိုသူဖြစ်ပြီး ၎င်း၏ ကျန်းမာရေးအခြေအနေသည် ကောင်းမွန်လျက်ရှိပြီး ယခုအခါ သူမမှာအိမ်တွင် ရောက်ရှိနေပြီး ဖြစ်သည်။ သို့ရာတွင် အစားထိုးကုသထားသည့် ဖော်ပြပါ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုမဟုတ်တစ်ခုကို သမီးငယ်ကလေး၏ ခန္ဓာကိုယ်က လက်မခံသည့် အန္တရာယ်မျိုးရှိနေသည်ဟု ဆိုသည်။ ၎င်း၏မိခင် မာရီယာဂျိုဆေးဂါစီယာမှာ သူမ၏သမီးငယ်လေး ကျန်းမာရေးကောင်းမွန်မှုကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း တောမီးလောင် လူ ၁၄၆ ဦး ရွှေ့ပြောင်းပေးခဲ့ရ

**ဟာဘင် မေ ၂၆**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်းပြည်နယ်တွင် လေးရက်အတွင်း တောမီးလောင်ကျွမ်းမှု နှစ်မှုဖြစ်ပွားခဲ့သဖြင့် လူ ၁၄၆ ဦးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သစ်တောဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဟေဟီမြို့ရှိ ဂါလာရှန်သစ်တောနှင့် ဟင်ဂန်တောင်ကုန်းပေါ်ရှိ ကန်ဒူဟီသစ်တောနှစ်ခု လွန်ခဲ့သည့် တနင်္ဂနွေနေ့က မီးလောင်ကျွမ်းခဲ့ပြီး မီးသတ်သမားနှင့် သစ်တောခေါင်း ၆၀၀၀ ခန့်က ငြိမ်းသတ်ခဲ့ကြသည်။

ဟူမာခရိုင် ဗေကျန်မြို့ရှိ ဒေသခံ ၁၂၀ ခန့်နှင့် ဂါလာရှန်သစ်တောမှ လူ ၂၆ ဦးတို့ကို ဗုဒ္ဓဟူးနေ့ ညပိုင်းက ရွှေ့ပြောင်းပေးခဲ့သည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာရမှု မရခဲ့ဟု သိရသည်။

ရာသီဥတုခြောက်သွေ့မှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် မီးသည် အခြားနေရာများသို့ ကူးစက်သွားသည်။ သို့ရာတွင် မီးလောင်မှုကြောင့် သစ်တောဧက မည်မျှဆုံးရှုံးရသည်ဆိုသော စာရင်းဇယား အတိအကျမရသေးဟု ပြည်နယ်ဆိုင်ရာ မီးထိန်းချုပ်ရေးဌာနက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး စင်ကာပူ၌ နှိုးဆော်ချက်ထုတ်ပြန်

**စင်ကာပူ မေ ၂၆**

စင်ကာပူ ပြည်သူလူထုအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ နိုးနိုးကြားကြားရှိကြရန် စင်ကာပူ အမျိုးသား သဘာဝပတ်ဝန်းကျင်ဌာန (အင်အီးအေ)က ကြာသပတေးနေ့တွင် နှိုးဆော်သည်။ ယင်းရောဂါဖြစ်ပွားသဖြင့် လူ ၁၉ ဦးသည် လွန်ခဲ့သည့်နှစ်အတွင်း သေဆုံးခဲ့သည်။

အိုးအိမ်များမှ ခြင်ပေါက်ပွားနိုင်သည့် နေရာများကို နေ့စဉ် ရှင်းလင်းရန် အတွက် အဆိုပါဌာနက နှိုးဆော်ထားပြီး စင်ကာပူရှိ မိသားစု ၁ ဒသမ ၁၁ သန်းသို့ သွေးလွန်တုပ်ကွေးနှင့် ပတ်သက်သည့် အိမ်သုံးဆေးသေတ္တာများကို ရက်သတ္တပတ် အနည်းငယ်အတွင်း ဖြန့်ဝေပေးမည်ဟု ဖော်ပြပါဌာနက ထုတ်ဝေသည့် ကြေညာချက်တွင် ပါရှိသည်။

စင်ကာပူနိုင်ငံတွင် ရာသီဥတုသည် ပူပြင်းလာပြီဖြစ်သဖြင့် နိုင်ငံတစ်ဝန်းတွင် ခြင်ပေါက်ပွားသည့် နေရာများ ရှာဖွေရှင်းလင်းရေးလုပ်ငန်းကို လာမည့် လအနည်းငယ်အတွင်း ဆက်လက်ပြုလုပ်မည်ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



တရုတ်နိုင်ငံ မြို့တော်ပေကျင်းတွင် နေရောင်ခြည်စွမ်းအင် ထုတ်ယူရေးကိရိယာများ တပ်ဆင်ထားသော အဆောက်အအုံတစ်လုံးကို မေ ၂၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း တိပိဋကရေ တိပိဋကကောဝိဒ စာအောင်သံဃာတော်အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။** (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့ တိပိဋကရေ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။** (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီးဒေါ်ခင်ခင်ဝင်း တိပိဋကရေ တိပိဋက ကောဝိဒ စာအောင်သံဃာတော်အရှင်သူမြတ် တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။** (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

## ဓမ္မစေတီဆရာတော် တရားပွဲကျင်းပမည်

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ သာသနာ့ဝေပုလ္လဓမ္မာရုံတော်ကြီး၌ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ M.A (Buddhism) မဟာဓမ္မာစရိယ အရှင်သူမြတ်၏ ထေရဝါဒအထူးတရားပွဲကို မေ၂၉၊ ၃၀၊ ၃၁ရက်တို့၌ညစဉ် ၇နာရီမှစ၍ တရားအလှူပေးမည်ဖြစ်ပါသောကြောင့် တရားနာကြွရောက်ပါရန် ဖိတ်ကြားထားသည်။ (က-ပ)

# ပရိယတ္တိသည် သာသနာတော်သုံးရပ်တွင်အရင်းမူလပဓာနကျ ပရိယတ္တိကိုကြိုးစားတော်မူကြ၍ ပဋိပတ်ကိုဆက်လက်အားထုတ်

ရန်ကုန် မေ ၂၇

**(၅၈)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မကွေးဆရာတော် မိန့်ကြားတော်မူအပ်သော သမ္ဗောဒနီယသာရဏီယ ဩဝါဒကထာမှာအောက်ပါအတိုင်းဖြစ်သည်-**



**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ (၅၈)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ အခမ်းအနားတွင် သာရဏီယဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူစဉ်။** (သတင်းစဉ်)

(၅၈)ကြိမ်မြောက်တိပိဋကရေ ရွေးချယ်ရေးစာတော်ပြန်ပွဲ စာမေးပွဲကြီးတွင် ပိဋကတစ်ပုံ၊ နှစ်ပုံစသည့် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ၊ဥပါသိကာမ အပေါင်း သူတော်ကောင်းတို့အား စိတ်ထားရှင်ကြည်အခါ ရှည်မြင့်အမှတ်ရသင့်သော သမ္ဗောဒနီယသာရဏီယ ဩဝါဒကထာမြွက်ကြားလိုပါသည်။

ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊
ဝိနယော ယာဝ ဒိပ္ပတိ။
တာဝ ဒက္ခန္တိ အာလောကံ၊
သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။
သုတ္တန္တေသု အသန္တေသု၊
ပမုဋ္ဌေ ဝိနယမှိစ။
တမော ဘဝိဿတိ လောကေ၊
သူရိယေ အတ္ထင်္ဂတေ ယထာ(အံ။ဋ္ဌ။၁။၇၂)

နေမင်းတည်ရှိနေသည့်အခါ အရောင်အလင်းကို တွေ့မြင်ရသကဲ့သို့ ဗုဒ္ဓဘုရား ဟောမြွက်ကြားသည့် တရားဓမ္မက္ခန်သုတ္တန်အဘိဓမ္မာဒေသနာတော်များ ထင်ရှားရှိနေသမျှဝိနည်းတရားတော်များထွန်းကားနေသမျှကာလပတ်လုံး သူတော်ကောင်းတရား ဘုရားသာသနာတော်တည်းဟူသော အရောင်အလင်းကို တွေ့မြင်နေကြလိမ့်မည်။

နေမင်းဝင်သွားသည်ရှိသော် လောကကြီး အမိုက်မှောင်ဖြစ်သကဲ့သို့ ဗုဒ္ဓတရား ဟောမြွက်ကြားသည့် တရားဓမ္မက္ခန်သုတ္တန်အဘိဓမ္မာဒေသနာတော်များ ထင်ရှားမရှိခဲ့သော် ဝိနည်းတရားတော်များလည်းပျောက်ပျက်ခဲ့သည်ရှိသော် လောကကြီး၌ (မသူတော်တရားတည်းဟူသော) အမိုက်မှောင်ကြီးသာ ဖြစ်ပေါ်လိမ့်မည်ဟူသော မနောရထပူရဏီခေါ်မည်တွင်ဆို အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒေသနာတော်အရ သုတ်၊ အဘိဓမ္မာ၊ ဝိနည်း ဟူသော ပိဋကသုံးသွယ်နိကာယ်ငါးရပ်ကို သင်ယူခြင်းပရိယတ္တိသည် သာသနာတော် သုံးရပ်တွင် အရင်းမူလပဓာနကျကြောင်းအရှင်မြတ်တို့ သိရှိပြီးဖြစ်ပါသည်။

ယင်းသို့ သိရှိပြီးအားလျော်စွာ အရှင်မြတ်တို့ အဇ္ဈတ္တသန္တာန်တွင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာငါးဖြာသော ဗိုလ်ကြီးများကို ဦးစီးစေလျက် ဆောင်ရွက်ကျက်မှတ်ခဲ့ကြသဖြင့် (၅၈) ကြိမ်မြောက် တိပိဋကရေ ရွေးချယ်ရေးစာမေးပွဲကြီးတွင် မူလအာဘိဓမ္မိက ပိဋကရေ၊ ဒီဃနိကာယကောဝိဒ၊ ဝိနယကောဝိဒ အစရှိသော အောင်ပန်း ဘွဲ့တံဆိပ်အခန်းခန်းကို ဆင်မြန်း ပန်ဆင်တော်မူကြရခြင်း ဖြစ်ပါသည်။

အရှင်မြတ်တို့၏ ကြိုးပမ်းအားထုတ်မှု၊ အောင်မြင်မှုများသည် တပည့်တော်တို့၏ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးတွင် ထိပ်တန်းကျသော အောင်မြင်မှုများ ဖြစ်သည့်အတွက်သာသနာတော် တိုးတက်ပွင့်လန်းမှုအရေး မြော်တွေးကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေနှင့် အလွန်တရာ ဝမ်းသာဂုဏ်ယူလျက်ရှိကြပါသည်။

နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒါယကာ၊ ဒါယိကာမများတို့သည်လည်း အရှင်မြတ်တို့၏ အားထုတ်မှုအောင်မြင်မှုများကို လွန်စွာအားရ ကြည်ညိုမှုရှိကြသည့် အားလျော်စွာ ယခု (၅၈) ကြိမ်မြောက် တိပိဋကရေ ချီးကျူးပူဇော်ပွဲကြီးတွင် ပသံသာကာရ ပူဇနီယဝတ္ထုအစုစုတို့ဖြင့် ပူဇော်ကြ လှူဒါန်းကြသည်မှာ လိုလေသေးမရှိဟု ဆိုရမလောက်အောင်ပင် ပြည့်စုံလှပါသည်။

"ဒွေမာတိကာ ဘိက္ခဝေ ပဓာနာနိ ဒုရဘိသမ္ဘဝါနိ" အစရှိသော အင်္ဂုတ္တိုရ်ကျမ်းလာ ပဓာနသုတ် တရားတော်အရ လောက၌ ဖြစ်စေနိုင်ခဲသည့် အားထုတ်မှုနှစ်မျိုးတို့တွင် အိမ်၌ နေသူ လူဒါယကာ ဒါယိကာမတို့သည် အရှင်မြတ်တို့အားအကြောင်းပြုကာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းတို့ကို ထောက်ပံ့ခြင်းဖြင့် ဖြစ်စေနိုင်ခဲသည့် အားထုတ်မှုများကို အားထုတ်လျက် ရှိကြပါသည်။

အရှင်မြတ်တို့လည်း ဒါယကာ ဒါယိကာမများ၏ လှူဒါန်းချီးမြှောက်မှုကို ခံယူကာ ယခုကဲ့သို့ အောင်မြင်သည်အထိ ပရိယတ္တိကို ကြိုးစားတော်မူကြ၍ ပဋိပတ်ဘက်ကို ဆက်လက် အားထုတ်နိုင်ကာ ဒါယကာ ဒါယိကာမတို့အား ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူနိုင်ကြမည် ဖြစ်ပါသည်။

ဤကဲ့သို့ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုသကဲ့သို့ အချင်းချင်း ညီညီညာညာ ကြည်သာ ဝမ်းမြောက် ချီးမြှောက်မှုပြုကြ၍ သာသနာတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ကြပါက ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည် အနှစ်မြားမြောင်ငါးထောင်မက ရှည်ကြာတည်တံ့နိုင်ပါသည်။

သို့ဖြစ်ပါ၍ ပရိယတ္တိဝန်ဆောင် အရှင်မြတ်တို့သည်လည်း မိမိတို့ဆိုင်ရာ သာသနာ့ကိစ္စ အဝဝကို ကျန်းမာချမ်းသာစွာ အားထုတ်တော်မူနိုင်ကြ၍ လည်းကောင်း၊ နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာ ဒါယိကာမတို့သည်လည်း မိမိတို့ဆိုင်ရာသာသနာနုဂ္ဂဟ ကိစ္စအဝဝကို ကျန်းမာချမ်းသာစွာ အားထုတ်နိုင်ကြ၍လည်းကောင်း သာသနာတော်၏ အနှစ်ဖြစ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေဟု ပတ္ထနာပြုကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယ ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည်။

**ရန်ကုန်မြို့ တိပိဋကဓမ္မရက္ခိတအဖွဲ့၏ ထောက်ပံ့ပူဇော်မှုကို ခံယူ၍ (၅၈)ကြိမ်မြောက် တိပိဋကရေ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသော သံဃာတော်အရှင်သူမြတ်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲအတွက် တောင်ငူမြို့ ရွှေနှင်းဆီဆေးလိပ်ရုံမှ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ သီဂိဒေါ်အုန်းခင်လှူဒါန်းသောအလှူငွေကျပ် ၃၀၇၇၀၀၀ကို အလှူရှင်များကိုယ်စား အဖွဲ့ဘဏ္ဍာရေးမှူး ဒေါ်ခင်စန်းကအဖွဲ့ ဥက္ကဋ္ဌဦးစိန်တင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးခင်လှတို့ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)







**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း အမှူးပြုသော အဖွဲ့ဝင်များ၊ ပရိသတ်များက (၅၈)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ မင်္ဂလာအခမ်းအနားတွင် တိပိဋကရေ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ အဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက်ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိဇယာဘိဝံသ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။**

(သတင်းစဉ်)

# တိပိဋက ပါဠိမြန်မာအဘိဓာန်ကျမ်းကြီးကို ပြုစုပုံနှိပ်ထားရာ အုပ်တွဲ ၁၈ အုပ် ပြီးစီးနေ

**✻ ကျောဖုံးမှ**

ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းနှင့် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ စာအောင်သံဃာတော် အရှင်သူမြတ်များ၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နံနက် ၇ နာရီ မိနစ် ၅၀ တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကရေ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကရေ ဆရာတော်များနှင့် စာအောင်သာသနာ့ အာဇာနည်များအား မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးအတွင်းရှိ သံဃာစင်ပေါ်သို့ မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်ကြရာ အကြံပေးအရာရှိ ဦးထင်မျိုးက အောင်သပြေစိုက်ပန်းဖလားကို ပိုက်၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးထွန်းလှက ပန်းကလပ်ကို ကိုင်ဆောင်၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇာနီဝင်းက ကွမ်းတောင်ကို ကိုင်ဆောင်၍လည်းကောင်း၊ ဌာနမှူး ဦးရဲဌေးက နိုင်ငံတော် သံဃမဟာနာယက ဆိုင်းဘုတ်ကို ကိုင်ဆောင်၍လည်းကောင်း နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများကို ပင့်ဆောင်ကြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက တိပိဋကရေ ဩဝါဒါစရိယ ဆရာတော်များ ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ တိပိဋကရေ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယဆရာတော်ကြီးများကို ပင့်ဆောင်သည်။

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနိုင်က တိပိဋကရေ တိပိဋကကောဝိဒဆိုင်းဘုတ်ကို ကိုင်ဆောင်၍ တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော်များကို ပင့်ဆောင်သည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးအောင်ထွေးက စာအောင်အရှင်မြတ်များ ဆိုင်းဘုတ်ကိုကိုင်ဆောင်၍ မူလအာဘိဓမ္မိကအောင် သာသနာ့အာဇာနည် အရှင်သူမြတ် နှစ်ပါး၊ ဒီဃနိကာယ ကောဝိဒအောင် သာသနာ့အာဇာနည် အရှင်သူမြတ်နှစ်ပါး၊ ဒီဃဘာဏကအောင် သာသနာ့အာဇာနည် အရှင်သူမြတ်တစ်ပါး၊ ဝိနယကောဝိဒအောင် သာသနာ့အာဇာနည် အရှင်သူမြတ်တစ်ပါး၊ ဝိနယဓရအောင် သာသနာ့အာဇာနည်အရှင်သူမြတ် ၁၈ပါး၊ ဥဘတော ဝိဘင်္ဂကောဝိဒအောင် သာသနာ့အာဇာနည် အရှင်သူမြတ် ခုနစ်ပါးနှင့် ဥဘတောဝိဘင်္ဂဓရအောင် သာသနာ့အာဇာနည်အရှင်သူမြတ် ၄၂ပါး စုစုပေါင်း သာသနာ့အာဇာနည်အရှင်သူမြတ် ၇၃ပါး တို့အား ပင့်ဆောင်လာကြရာ စာပေလက်ထောက်(၁) ဦးစံတင်အောင်က ပန်းမိုးရွာလျက် လိုက်ပါလာသည်။

ယင်းသို့ ပင့်ဆောင်ချိန်တွင် နိုင်ငံတော် မင်္ဂလာဆိုင်းအဖွဲ့က ဓမ္မပူဇာတေးများဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင် အခမ်းအနားသို့ တက်ရောက်လာကြသော ပရိသတ်များကလည်း ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ရိုသေညွတ်တွား လက်အုပ်ချီမိုး၍ ရှိခိုးပူဇော်ကြသည်။

ထို့နောက် နံနက် ၈ နာရီတွင် (၅၈)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို စတင်ကျင်းပရာ အခမ်းအနားမှူးအဖြစ် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြကာ တေးသံရှင် ဦးထွန်းရွှေက မင်္ဂလာစောင်းအဖွဲ့နှင့် တွဲဖက်၍ ရောင်ခြည်တော်ဘွဲ့ ထူးမခြားနားသီချင်းခန့်ဖြင့် သီဆိုပူဇော်ပြီးနောက် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈လုံးတို့ကို တစ်ပြိုင်တည်း ကိုးကြိမ် တီးခတ်ပူဇော်ကြသည်။

## ငါးပါးသီလခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်များသည် တိပိဋကရေ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိဇယာဘိဝံသ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရကာဘိဝံသ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

## သာသနာရေးလျှောက်ထား

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ရိုသေလေးစားစွာဖြင့် လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ဘုရား-

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း၌ ယနေ့ ကျင်းပပြုလုပ်သည့် (၅၈)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကရေ၊ တိပိဋကကောဝိဒဆရာတော်များ၊ စာထောက်စာမ ဆရာတော်များနှင့်တကွ စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်အပေါင်းတို့အား ယခုကဲ့သို့ စုံညီစွာ ဖူးမြော်ကြည်ညိုခွင့်ရရှိပြီး ပူဇော်သင့်ပူဇော်ထိုက်သည့် အရှင်သူမြတ်တို့အား ချီးမြှောက်ပူဇော်ခွင့် ရရှိပါသဖြင့် ကုသိုလ်မင်္ဂလာ အကျိုးတရားများ တိုးပွားရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

တိပိဋကရေ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၉၄၈ခုနှစ်တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါက်ပွားခဲ့သော စာမေးပွဲကြီးဖြစ်ပါကြောင်း၊ ဤတိပိဋကရေ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးမှ ၁၉၅၃ခုနှစ်တွင် ပထမဦးဆုံး ပေါ်ထွန်းခဲ့သော တိပိဋကရေ၊ တိပိဋကကောဝိဒ၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကဖြစ်တော်မူသည့် စစ်ကိုင်းမြို့ မင်းကွန်းဓမ္မနာဒကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ သာသနာ့အာဇာနည်အရှင်မြတ်ဆိုလျှင် ဆဋ္ဌသံဂါယနာ မဟာသန္နိပါတပွဲသဘင်ကြီး၌ ပိဋကသုံးပုံ အဖြေဝိသဇ္ဇနက ဆရာတော်အဖြစ် သာသနာ့သမိုင်းတွင် ထင်ရှားခဲ့ပါကြောင်း။

## ဂုဏ်ယူဖွယ်

တိပိဋကရေ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် အာဂုံဆောင်စွမ်းရည်နှင့် ကျမ်းဂန်နှံ့စပ်မှုစွမ်းရည်ရှိတော်မူကြသည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်များ၏ ဉာဏ်ကျက်စားရာ စာမေးပွဲကြီးဖြစ်ပါကြောင်း၊ ယင်းစာမေးပွဲကြီးကို နှစ်စဉ် ရက်ပေါင်း ၃၃ရက်တိုင်တိုင် ကျင်းပရက်ကာလရှည်ကြာစွာ ကျင်းပရသည့် စာမေးပွဲကြီးဖြစ်သဖြင့် ကမ္ဘာအရပ်ရပ်တွင် မည်သည့်နိုင်ငံတွင်မှ မကျင်းပနိုင်ဘဲ မြန်မာနိုင်ငံတစ်နိုင်ငံတည်း၌သာ ကျင်းပနိုင်ခြင်းကြောင့် အလွန်တရာ ဂုဏ်ယူဖွယ်ရာကောင်းသော စာမေးပွဲကြီးဖြစ်ပါကြောင်း။

ထို့ပြင် တိပိဋကရေ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအောင် တိပိဋကရေ၊ တိပိဋကကောဝိဒ ဆရာတော်များ အပါအဝင် စာမေးပွဲနည်း ကျမ်းရိုးပေါက်နည်းများဖြင့် ပရိယတ္တိစာပေ ကျွမ်းကျင်နှံ့စပ်တော်မူကြသည့် ကျမ်းတတ်အကျော်အမော် ဆရာတော်ဘုရားကြီးများ အဆက်ဆက်ဦးစီး၍ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးကို ပြုစုပုံနှိပ်ထားရာ အုပ်တွဲ ၁၈ အုပ် ပြီးစီးနေပြီး ကျန်အတွဲလေးတွဲကို မကြာမီကာလအတွင်း အပြီးသတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းတိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးသည် ပါဠိတော် အဋ္ဌကထာ ဋီကာမျိုးစုံတွင် ပါဝင်သည့် မည်သည့်ပုဒ်မှမကျန်ရှိအောင် ကျယ်ဝန်းနှံ့စပ်စွာ စုစည်းထားသဖြင့် ဝီရိယအား၊ ဉာဏ်အား၊ ကျွမ်းကျင်မှုအားတို့ဖြင့် အချိန်ပေး ဆောင်ရွက်ရသည့် ကျမ်းကြီးဖြစ်ပါကြောင်း၊ မြန်မာဆရာတော်များပြုစုထားသည့် ယင်းတိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးကို ကျန်ထေရဝါဒနိုင်ငံများက မိမိတို့ဘာသာဖြင့် ပြန်ဆိုရန် အားထုတ်နေကြသော်လည်း ယနေ့အထိ အောင်မြင်မှုမရှိသေးကြောင်း ကြားသိရပါကြောင်း၊ ယခုအခါ တိပိဋကပါဠိ မြန်မာ အဘိဓာန်ကျမ်းကြီးကို ကမ္ဘာသုံး အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေနိုင်ရေးအတွက် ပဏာမအနေဖြင့် အဘိဓာန်အကျဉ်းကို အင်္ဂလိပ်ဘာသာကျွမ်းကျင်သော ရဟန်းပညာရှင်၊ လူပုဂ္ဂိုလ်ပညာရှင်များက အဖွဲ့ငါးဖွဲ့ခွဲ၍ ရေးသားပြန်ဆို ပြုစုလျက်ရှိရာ ဤတိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကဲ့သို့ပင် မြန်မာနိုင်ငံအဖို့ ပိဋကစွယ်စုံ ဂုဏ်ထူးကိုပင် ထပ်ဆောင်းရရှိဦးမည်ဟု ယုံကြည်ပါကြောင်း။

## အောင်မြင်တော်မူ

၂၀၀၅ခုနှစ် ဒီဇင်ဘာနောက်ဆုံးပတ်တွင် စတင်ကျင်းပ၍ ၂၀၀၆ခုနှစ် ဇန်နဝါရီတွင် ကျင်းပပြီးစီးခဲ့သော (၅၈)ကြိမ်မြောက် တိပိဋကရေ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် အာဂုံပြန်နှင့် ရေးဖြေအောင်မြင်တော်မူကြသော သာသနာ့အာဇာနည်အရှင်မြတ်များမှာ-

- ပိဋကနှစ်ပုံခွဲ အာဂုံအောင်မူလအာဘိဓမ္မိက အရှင်မြတ် ၂ ပါး၊
- ပိဋကနှစ်ပုံ ရေးဖြေအောင် ဒီဃနိကာယ ကောဝိဒအရှင်မြတ် ၂ ပါး၊
- ပိဋကနှစ်ပုံ အာဂုံအောင် ဒီဃဘာဏက အရှင်မြတ် ၁ ပါး၊
- ပိဋကတစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒ အရှင်မြတ် ၁ ပါး၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

✳ စာမျက်နှာ ၇ မှ

– ပိဋက တစ်ပုံ အာဂုံအောင် ဝိနယဓရ အရှင်မြတ် ၁၈ ပါး၊
– ဝိနည်း ပထမပိုင်း အာဂုံနှင့် ရေးဖြေ အောင်မြင်၍ အသိအမှတ်ပြုလက်မှတ် ဆက်ကပ်ခံရသည့်အရှင်မြတ် ၄၉ပါး

စုစုပေါင်း သာသနာ့ အာဇာနည် အရှင်မြတ် ၇၃ ပါးတို့ အောင်မြင်တော်မူခဲ့ကြကြောင်း။

ယင်းကဲ့သို့ တိပိဋက နှစ်ပုံခွဲအောင်၊ ပိဋကနှစ်ပုံအောင်၊ ပိဋကတစ်ပုံအောင် သာသနာ့အာဇာနည် အရှင်မြတ်တို့အား စဉ်ဆက်မပြတ်ဖူးမြော်ပူဇော်ခွင့် ရရှိနေခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒါယကာ၊ ဒါယိကာမများအဖို့ အလွန်တရာထူးကဲလှသော သာသနာပြုကုသိုလ်ထူးကြီးကို ဆည်းပူးပြုလုပ်ခွင့်နှင့်ကြုံကြိုက်ခြင်းဖြစ်၍ ဂုဏ်ယူဝမ်းမြောက်လှပါကြောင်း။

## သုံးတန်သောချမ်းသာ

နိဂုံးချုပ်အားဖြင့် ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ပရိယတ်တရားတော်များသည် နာယူမှတ်သားကျင့်ကြံပွားများသော ပုဂ္ဂိုလ်သတ္တဝါတို့အား လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောချမ်းသာကို ပေးစွမ်းနိုင်သော တရားတော်ဖြစ်ပါကြောင်း၊ ထိုတရားတော်များ မဆိတ်သုဉ်းမပျောက်ကွယ်စေရန် ပရိယတ်ဝန်ဆောင် သံဃာတော်အရှင်မြတ်အပေါင်းတို့က ဝီရိယအား၊ ဉာဏ်အားဖြင့် သင်အံလေ့ကျက် ဆည်းပူးဖြန့်ပွားလျက်ရှိသည်ကို ဖူးတွေ့ရပါသဖြင့် အနာဂတ်သာသနာတော် စည်ပင်ပြန့်ပွားထွန်းကားရေးအတွက် အားတက်ဖွယ်ရာ ဖြစ်ပါကြောင်းဖြင့် လျှောက်ထားသည်။

## အောင်လက်မှတ်များဆက်ကပ်

ယင်းနောက် တိပိဋကရွေးချယ်ရေးစာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အဘိဓမ္မပိဋကအဘိဓမ္မာပထမပိုင်း ငါးကျမ်း အာဂုံအောင် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ ဒဂုံမြို့နယ် တိပိဋကကျောင်းတိုက်မှ အရှင်သီလာစာရနှင့် ရန်ကင်းမြို့နယ် ပဥ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်မှ အရှင်သုနန္ဒ အရှင်သူမြတ်တို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဒဂုံမြို့သစ် (အရှေ့ပိုင်း )မြို့နယ် တိပိဋက မဟာဂန္ဓဝင် ကျောင်းတိုက်မှ အရှင်စန္ဒနနှင့် စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်စက္ကိန္ဒနှင့် ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ကောသလ္လ အရှင်သူမြတ်တို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် လေးပါးနှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် တစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

## ဆက်ကပ်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးသိန်းတို့က ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် ငါးပါးစီတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် လေးပါးနှင့် ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်တစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

## ဥဘတောဝိဘင်္ဂဓရ

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်ခြောက်ပါးစီတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြသည်။

## ရေစက်ချတရားနာယူ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသောအဖွဲ့ဝင်များနှင့် ပရိသတ်များက အနုမောဒနာ ရေစက်ချတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ဆုတောင်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## လောင်းလှူ

အခမ်းအနားအပြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သံဃာတော် အရှင်သူမြတ်များသည် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်းရှိ သံဃာစင်မှ မင်္ဂလာနတ်လမ်းအတိုင်း ပြန်လည်ကြွမြန်းတော်မူကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝိနယဓရဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။ (သတင်းစဉ်)



ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း တိပိဋကဓရ တိပိဋက ကောဝိဒ စာအောင် သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)



ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)



ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံ

၂၈–၅–၂၀၀၆ (

**နံနက်ပိုင်း**

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီးနိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်**

သူမြတ် ငါးပါးစီတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် လေးပါးနှင့် ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်တစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

### ဥဘတောဝိဘင်္ဂဓရ

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်ခြောက်ပါးစီတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြသည်။

### ရေစက်ချတရားနာယူ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ညောင်တုန်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်များက အနုမောဒနာ ရေစက်ချတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ဆုတောင်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### လောင်းလှူ

အခမ်းအနားအပြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်များသည် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်းရှိ သံဃာစင်မှ မင်္ဂလာနတ်လမ်းအတိုင်း ပြန်လည်ကြွမြန်းတော်မူကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ် တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။**
(သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။**
(သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။**
(သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ရဲမြင့် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။**
(သတင်းစဉ်)



**သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။**
(သတင်းစဉ်)



**တရားသူကြီးချုပ် ဦးအောင်တိုး ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။**
(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၂၈-၅-၂၀၀၆ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီးနိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say it in English
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “Doraemon”**
၁၁:၅၅ ၅။ ဘက်စုံတိုးတက် တို့ကျေးလက် (မိုင်းသောက်စံပြကျေးရွာ)
၁၂:၁၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း “မုန်တိုင်းထန်မြစ်” (မင်းမော်ကွန်း၊စိုးမြတ်နန္ဒာ၊ မေသဉ္ဇာဦး) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
၁:၅၀ ၇။ အကပြိုင်ပွဲ
၂:၀၅ ၈။ ဖြူးချောင်းတံတား
၂:၁၅ ၉။ **“အားဆေး” (မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၂:၂၀ ၁၀။ အရေးပြိုင်ပွဲ
၂:၃၀ ၁၁။ မြို့လှတပ်ကုန်းရေလှောင်တမံ
၂:၄၅ ၁၂။ International News.
၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
၅:၁၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၂၀ ၇။ အတီးပြိုင်ပွဲ
၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ **Discovery**
၆:၄၅ ၁၂။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၆:၅၅ ၁၃။ တေးဂီတအစီအစဉ်
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကံကောင်းခြင်းအိပ်မက်” (အပိုင်း-၁၈) (ဇာတ်သိမ်းပိုင်း)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်မိပြီဆိုရင်” (အပိုင်း-၄၈)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၁၀။ အစီအစဉ်ပြီး၏။

**ရှောင်လေ ဝေးဝေး မူးယစ်ဆေး**

# မြန်မာ–တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းတိုက်ဖျက်ရေးသဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၇

**ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် ဒုတိယကော်မရှင်နာ Mr. Zhang Xinfeng နှင့် အဖွဲ့ဝင်များသည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ လာရောက်၍ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား တွေ့ဆုံနှုတ်ဆက်သည်။**

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့၏ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုနှင့် အလွဲသုံးမှု ပူးပေါင်းတိုက်ဖျက်ရေး သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင်တို့၏ ဂြိုဟ်တုဓာတ်ပုံဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ဘိန်းစိုက်ပျိုးမှု ပူးပေါင်းတိုင်းတာခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သို့ ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့၏ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုနှင့် အလွဲသုံးမှု ပူးပေါင်းတိုက်ဖျက်ရေး သဘောတူစာချုပ်ကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူသမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး ကော်မရှင် ဒုတိယကော်မရှင်နာ Mr. Zhang Xinfeng တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး ကော်မရှင်တို့၏ ဂြိုဟ်တုဓာတ်ပုံဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ဘိန်းစိုက်ပျိုးမှု ပူးပေါင်းတိုင်းတာခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး ကော်မရှင် ဒုတိယကော်မရှင်နာ Mr. Zhang Xinfeng တို့က လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာကို အပြန်အလှန် လဲလှယ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ပစ္စည်းကိရိယာများကို လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် ဒုတိယကော်မရှင်နာ Mr. Zhang Xinfengနှင့်အဖွဲ့သည် နံနက် ၈နာရီ မိနစ် ၄၀တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းတောင့်ရှိ မူးယစ်ဆေးဝါး ပပျောက်ရေးအထိမ်းအမှတ် ပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် ဒုတိယကော်မရှင်နာက ပြတိုက်၏ ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက ပြတိုက်အထိမ်းအမှတ်တံဆိပ်ကို လက်ဆောင်အဖြစ် ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ညပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင်ဒုတိယကော်မရှင်နာ Mr. Zhang Xinfeng နှင့် အဖွဲ့ဝင်များအားရန်ကုန်မြို့ရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

# နေပြည်တော်–ပြည်–နေပြည်တော် အမြန်ရထားခရီးစဉ်စတင်ပြေးဆွဲ

နေပြည်တော် မေ ၂၇

**ပဲခူးရိုးမ အနောက်ခြမ်းဒေသရှိ ဒေသခံပြည်သူများနှင့် နေပြည်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှု လွယ်ကူချောမွေ့အဆင်ပြေစေရေးအတွက် ၂၀၀၆ ခုနှစ် မေ ၂၅ ရက်မှ စတင်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ခရီးစဉ်တစ်ရပ်အဖြစ် နေပြည်တော်–ပြည်–နေပြည်တော် ရထားခရီးစဉ်ကို စီစဉ်ဆောင်ရွက် ပြေးဆွဲပေးလျက်ရှိသည်။**

အဆိုပါ နေပြည်တော်–ပြည်–နေပြည်တော် အမြန်ရထားခရီးစဉ် ပြေးဆွဲရာ ပျဉ်းမနားဘူတာသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက် ၅ နာရီခွဲတွင် ရောက်ရှိလာပြီး မြန်မာ့မီးရထား တိုင်းအမှတ်(၅)မှ ကြီးကြပ်ရေးမှူး (သွားလာ) ဦးအောင်ထွန်းနှင့် ပျဉ်းမနားဘူတာမှ ဝန်ထမ်းများနှင့်အတူ နေပြည်တော်–ပြည်–နေပြည်တော် အမြန်ရထားခရီးစဉ်သို့ လိုက်ပါစီးနင်းကြမည့် ခရီးသွားရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးပြီး လက်ဆောင်ပစ္စည်းများဝေငှသည်။

ယင်းနောက် နေပြည်တော်–ပြည်–နေပြည်တော် အမြန်ရထားသည် ပျဉ်းမနားဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာသွားရာ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် အဖွဲ့ဝင်များ၊ ပျဉ်းမနားဘူတာမှ ဝန်ထမ်းများသည် ရထားစကြံမှနေ၍ နှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားဘူတာ၌ ရထားလက်မှတ် ဝယ်ယူနေကြသော ခရီးသွားပြည်သူများအားလည်းကောင်း၊ ခရီးသည်များအား လာရောက်ကြိုဆို၊ ပို့ဆောင်ကြသော ဧည့်သည်များအားလည်းကောင်း ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြန်မာ့မီးရထားမှ တာဝန်ရှိပုဂ္ဂိုလ်များအား ခရီးသည်များ လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြရေးနှင့် လိုအပ်သော အခက်အခဲများကို ကူညီဖြေရှင်းဆောင်ရွက်ပေးကြရေး မှာကြားကာ ပျဉ်းမနားဘူတာမှ ပြန်လည်ထွက်ခွာသွားသည်။

**စတင်ပြေးဆွဲ**

နေပြည်တော်–ပြည်–နေပြည်တော် အမြန်ရထားကို မေ ၂၅ ရက်တွင် စတင်ပြေးဆွဲလျက်ရှိရာ နေပြည်တော်–ပြည် အမှတ်(၁၀၉)အဆန် အမြန်ရထားသည် နေပြည်တော်မှနေ့စဉ် နံနက် ၆ နာရီတွင် ထွက်ခွာပြီး ပြည်ဘူတာသို့ ညနေ ၆ နာရီ ၁၀မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

ပြည်–နေပြည်တော် အမှတ်(၁၁၀) အစုန် အမြန်ရထားသည် ပြည်ဘူတာမှ နံနက် ၅ နာရီတွင် ထွက်ခွာပြီး နေပြည်တော်သို့ ညနေ ၅ နာရီ ၅မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

**ရပ်တန့်ပေးမည်**

အဆိုပါ နေပြည်တော်–ပြည်–နေပြည်တော်အမြန်ရထားသည် ခရီးစဉ်ဘူတာများအဖြစ် လယ်ဝေး၊ သစ်ပုတ်ပင်၊ မင်းပြင်၊ ဆတ်သွား၊ ချောင်းကောက်–ကိုးပင်၊ လှေဝန်း၊အောင်လံ၊ ထောက်ကြန့်တိုင်၊ ပြလို့၊ဒုရင်ဗိုလ်၊ တီတွတ်၊ရွှေတံခါး၊ မော်ဇာလမ်းဆုံတို့၌ ရပ်တန့်ပေးမည်ဖြစ်ပြီး ပြည်ဘူတာ၌ ခရီးဆုံးမည်ဖြစ်သည်။

ခရီးစဉ်တွင် လိုက်ပါ စီးနင်းကြမည့် ခရီးသည်များအတွက် ရထားလက်မှတ်များကို နေပြည်တော်ဘူတာ၊ ရန်ကုန်ဘူတာနှင့် ပြည်ဘူတာတို့၌ တစ်ရက်ကြိုတင်ရောင်းချပေးသွားမည်ဖြစ်သည်။ လက်မှတ်ခ နှုန်းထားမှာ နေပြည်တော်–ပြည် ခရီးစဉ် အစအဆုံး ငွေကျပ် ၆၁၀ဖြစ်သည်။

အလားတူမေ ၁၈ရက်မှ စတင်၍ အမှတ်(၁၀၁) အဆန်နှင့် အမှတ်(၁၀၂) အစုန် နေပြည်တော်– ကျောက်ပန်းတောင်း–နေပြည်တော် စာပို့ရထားကိုလည်း တွဲဆိုင်းနှစ်ဆိုင်းဖြင့် ဖြည့်တင်း ပြေးဆွဲပေးလျက်ရှိပြီး နေ့စဉ်နေပြည်တော်မှ ကျောက်ပန်းတောင်းသို့တစ်စီး၊ ကျောက်ပန်းတောင်းမှ နေပြည်တော်သို့ တစ်စီး တစ်ပြိုင်တည်း ပြေးဆွဲပေးလျက်ရှိသည်။

ထို့အတူ နေပြည်တော်–ပုဂံ အမှတ်(၁၀၇)အဆန်ရထားနှင့် ပုဂံ–နေပြည်တော် အမှတ်(၁၀၈) အစုန်ရထား ခရီးစဉ်များကို တွဲဆိုင်းနှစ်ဆိုင်းဖြင့် မေ ၁၈ ရက်မှ စတင်၍ နေ့စဉ် ပြေးဆွဲလျက်ရှိရာ စီးနင်းလိုက်ပါကြသည့် ခရီးသည်များ ခရီးသွားလာရေး အဆင်ပြေ ချောမွေ့လျက်ရှိကြောင်း သိရှိရသည်။

ယနေ့ ပြေးဆွဲသည့် နေပြည်တော်–ပြည် အမှတ်(၁၀၉)အဆန် အမြန်ရထားဖြင့် နေပြည်တော်မှ ရွှေတံခါး၊ မော်ဇာ၊ ပြည်ဘူတာသို့ သွားရောက်မည့် ခရီးသည် ၅၃ ဦးအပါအဝင် နေပြည်တော်မှ ၈၅ ဦးလိုက်ပါစီးနင်းခဲ့ကြပြီး ရထားပေါ်၌ လေအိတ်ပါရှိသော ထိုင်ခုံများတပ်ဆင်ထားသဖြင့် ခရီးသည်များအနေဖြင့် ညိမ့်ညောင်းသက်သာစွာ စီးနင်းလိုက်ပါရသဖြင့် အထူးနှစ်သက် ကျေနပ်လျက်ရှိကြသည်။

ထို့အတူ နေပြည်တော်–ပုဂံ–နေပြည်တော် အမြန်ရထားခရီးစဉ်တွင်လည်း ရန်ကုန်မြို့မှ နေပြည်တော် လာရောက်ကြသူများ ပျဉ်းမနားဘူတာမှ တစ်ဆင့်ကူးပြောင်းစီးနင်းရာတွင် လွယ်ကူသဖြင့် အဆိုပါခရီးစဉ်ကိုလည်း ခရီးသွားပြည်သူများ နှစ်သက်ကျေနပ်အားရလျက်ရှိကြပြီး ရထားခရီးစဉ်တိုင်းတွင် ခရီးသည် ၂၀၀ခန့် စီးနင်းလိုက်ပါလျက်ရှိသည်။ (သတင်းစဉ်)

**ဒဂုံမြို့သစ်မြောက်ပိုင်း၊(၃၀)ရပ်ကွက်၊ ခရေလမ်း၌ မေ ၂၄ရက်က မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ပပျောက်ရေးအတွက် အသိပညာပေးဟောပြောပွဲပြုလုပ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးတင်စိုး သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ပညာပေးပြောကြားစဉ်။**

(က–ပ)



# ရပ်ကွက်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်း သဃ်ာန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ရပ်ကွက်များမှ အသင်းဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ ယနေ့နံနက်ပိုင်းက သုဝဏ္ဏမြို့ ၂၅၊ ၂၉၊ ၃၀ ရပ်ကွက်များနှင့် သဃ်ာန်းကျွန်းမြို့နယ် (က)၊ (ခ)၊ (ဂ)၊ (ဃ) ရပ်ကွက်များရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ မြောင်းများအတွင်းရှိ အမှိုက်များဆယ်ယူ ရှင်းလင်းခြင်းလုပ်ငန်းများကို မြို့နယ်အသင်းအတွင်းရေးမှူးဦးခင်ဝေနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ ပြည်သူများက ပူပေါင်းပါဝင်ဆောင်ရွက်ကြရာ အရှေ့ပိုင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဇော်အောင်နှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှုအားပေးကြသည်။

(၅၀၆)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၈–၅–၂၀၀၆(တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း |
| ၇း၁၅ | တေးဂီတအစီအစဉ် |
| ၇း၂၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၇း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၅၅ | တေးဂီတအစီအစဉ် |
| ၈း၀၀ | ၂၀၀၆ ဓာတ်ပုံပညာနှင့်ကြယ်ပွင့်များ၏ လင်းလက်ခွင့် |
| ၈း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၀ | နှစ်ရှည်စီးပွားတိုးစေဖို့ သီဟိုဠ်ပင်ကို စိုက်ကြစို့ |
| ၈း၄၀ | တေးဂီတအစီအစဉ် |
| ၈း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | Sunday Talk [ဦးမျိုးမြတ်သူ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)] |
| ၉း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ | ဆီးချို၊ သွေးချိုရောဂါ အကြောင်းဟောပြောချက် (အပိုင်း–၃) |
| ၉း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ | Myanmar Video Rhythm |
| ၁၁း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | ဒုတိယအကြိမ်မြောက် အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲ အကြိုလေ့ကျင့်ပြင်ဆင်နေမှုများ |
| ၁၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည၂၃း၀၀ နာရီအထိသုံးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်သည်။**



## လှူဖွယ်ပစ္စည်းများ လောင်းလှူ

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တိပိဋကရေ တိပိဋကကောဝိဒ စာအောင် သံဃာတော် အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။**

(သတင်း–ရှေ့ဖုံး)(သတင်းစဉ်)

# ယခင်တပ်မတော်ကလေးများ အလယ်တန်းကျောင်း အာစရိယပူဇော်ပွဲ

**ရန်ကုန် မေ ၂၇**

ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ ယခင် တပ်မတော်ကလေးများ အလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဇွန် ၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် မဟာဗန္ဓုလ ပန်းခြံလမ်းရှိ အောင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူငွေများကို ဦးသောင်းဟန် ဖုန်း–၂၈၅၂၈၀၊ ၂၄၅၈၃၆၊ ဒေါ်ဂျက်နက် ဖုန်း–၂၄၁၀၂၃၊ ဒေါ်ညွှန့်ညွှန့်တင် ဖုန်း–၆၉၉၅၁၁၊ ၆၉၉၅၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

# အသုံးစရိတ်ခြိုးခြံချွေတာပြီး ဝင်ငွေကို နှစ်ဆတိုးရအောင်ဆောင်ရွက် ဝန်ကြီးဌာန၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်အောင် တာဝန်ကျေပွန်စွာထမ်းဆောင်

နေပြည်တော် မေ ၂၇

**ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၆–၂၀၀၇ ခုနှစ် ဝန်ထမ်းများ၏ ကျောင်းနေသော သားသမီးများအား ပညာသင်စရိတ်၊ ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်ဂုဏ်ပြု ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ခန်းမကြီး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်အမှာစကား ပြောကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။**

### တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးအရာရှိနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ နှစ်ပတ်လည်နေ့ဖြစ်သကဲ့သို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးတို့မှ ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံး ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခြင်းဖြစ်၍ ဝန်ကြီးဌာနအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ရည်မှန်းချက်မှာ စာပေလုပ်ငန်းနှင့် ပုံနှိပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးဖြစ်သဖြင့် ပုံနှိပ်လုပ်ငန်းများဖြင့် နိုင်ငံတော်၏ ဝင်ငွေတိုးတက်စေရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာစာပေ မြှင့်တင်ရေးကို ဆောင်ရွက်ရာ၌ အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန် စာပေဆုနှင့် ပခုက္ကူဦးအုံးဖေ တစ်သက်တာ စာပေဆုများကို ရွေးချယ်ချီးမြှင့်ခြင်း၊ သုတေသနစာတမ်းဖတ်ပွဲများ၊ စာအုပ်ဈေးပွဲတော်များ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့စသည့် နေ့ထူးနေ့မြတ်များနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ နှစ်ပတ်လည် အခမ်းအနားနှင့် အမျိုးသားညီလာခံ၊ အစိုးရရုံးအဖွဲ့အသီးသီးတို့၏ ပုံနှိပ်လုပ်ငန်းများကိုလည်းကောင်း တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၀၄ခုနှစ်တွင် မန္တလေးမြို့နှင့် အထက်မြန်မာနိုင်ငံ ပုံနှိပ်စက်ရုံကိုဖွင့်လှစ်၍ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းနှင့် ၂၀၀၅ခုနှစ်တွင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနကို မိမိတို့ဝန်ကြီးဌာနက လွှဲပြောင်းတာဝန်ယူခဲ့ရပြီး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက တိုက်ရိုက်ကွပ်ကဲ ဆောင်ရွက်နေရခြင်းတို့မှာ တိုးချဲ့ဆောင်ရွက်လာရသော လုပ်ငန်းများဖြစ်ကြောင်း၊ အထက်ဌာနများ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် ဤလုပ်ငန်းမှ တာဝန်ရှိသူများကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ယခုအခမ်းအနားတွင် လုပ်ငန်းတာဝန်ထူးချွန်သည့် စက်ရုံများနှင့် ဝန်ထမ်းအသီးသီးကို ဂုဏ်ပြုဆုများ ချီးမြှင့်မှာဖြစ်သည့်အတွက် ဆုရကြသူများကို ဂုဏ်ယူပါကြောင်း၊ ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ လာမည့်နှစ်များတွင်လည်း လုပ်ငန်းများကို လက်ရှိအရှိန်အဟုန်အတိုင်း တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် အသုံးစရိတ် ခြိုးခြံချွေတာပြီး ဝင်ငွေကို ယမန်နှစ်ကထက် နှစ်ဆတိုးရအောင် ရည်မှန်းချက်ထား ဆောင်ရွက်သွားရန်နှင့် ဝန်ကြီးဌာနနှင့် လုပ်ငန်း၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်အောင် ဝန်ထမ်းအားလုံးက အသိစိတ်ရှိရှိဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် တိုက်တွန်း မှာကြားသွားသည်။



**ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၆–၂၀၀၇ ခုနှစ် ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ပညာသင်စရိတ်၊ ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၄)နှစ်မြောက် နှစ်ပတ်လည် ဂုဏ်ပြုဆုပေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

### ပေးအပ်ချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ ဆုတံဆိပ်ရရှိသူ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအတွက် ပညာသင်စရိတ်နှင့် ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဝန်ထမ်းများအတွက် တူညီဝတ်စုံများကို လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၌ ၂၀၀၅–၂၀၀၆ ခုနှစ်အတွင်း လုပ်ငန်းများကို ကုန်ထုတ်စွမ်းအားမြင့်မားစွာ ထုတ်လုပ်စွမ်းဆောင်ပေးခဲ့သည့် အကောင်းဆုံး စံပြစက်ရုံဆုရ ပုံနှိပ်စက်ရုံများကို လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်တို့က သင်တန်း ထူးချွန်ဆုရသူများနှင့် လုပ်ငန်းတာဝန်ထူးချွန်ဆုရ ဝန်ထမ်းများအား ဂုဏ်ပြုဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)




**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအတွက် ပညာသင် စရိတ်နှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)




**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ ဆုတံဆိပ်ရရှိသူ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းမှ ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

# လူငယ်ယဉ်ကျေးမှုသင်တန်းဖွင့်မည်

**ရန်ကုန် မေ ၂၇**

လူငယ်များအတွက် ထေရဝါဒဗုဒ္ဓအဆုံးအမနှင့်အညီ လူငယ်ယဉ်ကျေးမှု မျက်ပွင့်သင်တန်းကို ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၃ နာရီခွဲအတွင်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ရှင်သာမဏေ ဓမ္မဗိမာန်၌ ပို့ချသင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူ အသက်(၁၅)နှစ်မှ (၂၇)နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးများသည် ဖုန်း–၃၈၇၃၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

# ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

## သိမ်းငှက်များဟု အမည်တွင်သည့် တိုဂို

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

ဂမ်ဆိုင်း



တိုဂိုဘောလုံးအသင်း နည်းပြ စတီဖင်ကက်ရှ်။

သိမ်းငှက်များဟု အမည်တွင်သော တိုဂိုသည် ၂၀၀၃ ခုနှစ် ကုန်ခါနီးလောက်တွင် အီကွေတိုရီယယ် ဂူနီအသင်းနှင့် ကစားခဲ့ရသည်။ တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးသည်။ လိုမီတွင် ဒုတိယအကျော့ ပြန်ကစားရာတွင် ၂-၀ ဖြင့်နိုင်သည်။ ဒုတိယအဆင့် ခြေစစ်ပွဲသို့ ဝင်ရောက် ကစားခွင့်ရသည်။ တိုဂိုအသင်းအတွက် မျှော်လင့်ချက်တစ်ခု ဖြစ်ခဲ့သည်။

တိုဂိုသည် အာဖရိက ဇုန်(၁)တွင် ဆီနီဂေါ၊ ဇမ်ဘီယာ၊ ကွန်ဂို၊ မာလီ လိုက်ဘေးရီးယားတို့နှင့်အတူ ပါဝင်သည်။ ၂၀၀၄ ခုနှစ် ဇွန် ၅ ရက်တွင် ဇမ်ဘီယာနှင့် ကစားရသည်။ တစ်ဂိုး-ဂိုးမရှိ ရှုံးသည်။ နောက် ၁၅ ရက်အကြာတွင် အခြေအနေအားလုံး ပြောင်းသွားသည်။ အုပ်စုမှာ ရေပန်းစားနေသော ဆီနီဂေါကို ၃-၁ ဖြင့်နိုင်သည်။ ဆီနီဂေါသည် ၂၀၀၂ ခုနှစ် တောင်ကိုရီးယား-ဂျပန် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွာတားအထိ တက်ရောက်ခဲ့သောအသင်းဖြစ်သည်။ ဆီနီဂေါအားနိုင်လိုက်ခြင်းသည် ရှုံးပွဲမရှိ ဂုဏ်အရှိန်ကို အထောက်အပံ့ပြုခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

လိုက်ဘေးရီးယားနှင့် ဂိုးမရှိ သရေကျပြီးနောက် လေးပွဲဆက်တိုက် အနိုင်ရရှိသည်။ ၂၀၀၅ ခုနှစ် ဇွန် ၁၈ ရက်တွင် ဆီနီဂေါနှင့် ကစားရသည်။ အိမ်ရှင်ဆီနီဂေါက ၂-၁ ဖြင့် ဦးဆောင်ထားသည်။ ၇၁ မိနစ်တွင် အီမန်နျူးရယ် အက်ဒီဘာရာက ချေပဂိုးသွင်းလိုက်၍ ၂-၂ သရေကျသည်။ ထိုစဉ် တိုဂိုသည် နှစ်မှတ်အသာဖြင့် အုပ်စုထိပ်မှပြေးနေသည်။ နောက်ပိုင်း လိုက်ဘေးရီးယားနှင့် ကွန်ဂိုတို့ကို အနိုင်ရသည်။

ခြေစစ်ပွဲ ၁၀ ပွဲ ကစားရာတွင် ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ တိုဂိုနိုင်ငံအတွက် ထူးခြားချက်ဖြစ်သည်။

တိုဂိုသည် ကက်ဖ်အာဖရိကဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ ငါးကြိမ်ရောက်ခဲ့ဖူးသည်။ တိုဂို၏ အမြင့်မားဆုံးသော စွမ်းဆောင်ချက်ဖြစ်သည်။ နည်းပြဆရာ ကက်ရှ်မှာလည်း အထင်ကြီးလေးစားမှုကိုခံရသည်။ သူသည် နိုင်ဂျီးရီးယား လက်ရွေးစင်ဟောင်းတစ်ဦးဖြစ်သည်။ ၁၉၉၄ ခုနှစ် အမေရိကန် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နိုင်ဂျီးရီးယားအသင်း၏ ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည်။

၂၀၀၂ ခုနှစ်တွင် နိုင်ဂျီးရီးယားအသင်းတွင် လက်ထောက်နည်းပြဆရာအဖြစ် ဆောင်ရွက်သည်။ ထိုနှစ် အာဖရိကဖလားပြိုင်ပွဲတွင် နိုင်ဂျီးရီးယားအသင်း ဆီမီးဖိုင်နယ်မှ ထွက်ခဲ့ရသည်။ ၎င်းကိုလည်း အသင်းမှ ထုတ်လိုက်သည်။ ထို့နောက် တိုဂိုအသင်းသို့ ရောက်လာသည်။

ပထမအဆင့် သုံးသင်းပတ်လည် ခြေစစ်ပွဲတွင် တိုဂိုအသင်းအုပ်စု ဗိုလ်ဖြစ်စဉ်က "ဘဝမှာ တစ်ကြိမ်တစ်ခါမှ မရဖူးသေးတဲ့ အခွင့်အရေးတစ်ခုပဲလို့" ခြေစစ်ပွဲအောင်မည့် အလားအလာမြင်ရတဲ့အချိန်၌ သူက ကစားသမားများကို ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားနှင့် ဆက်နွယ်ပတ်သက်မှုသည် ဤမျှနှင့် မပြီးဆုံးသေး။ တိုက်စစ်မှူးများ ဖြစ်သော အက်ဒ်ဒီဘေရာနှင့် အော်ဖာဒီအက်ဒ်ဒီကန်မီတို့သည် နိုင်ဂျီးရီးယားတွင် မွေးဖွားသူများဖြစ်သည်။ သို့သော် သူတို့နှစ်ဦးသည် တိုဂိုနိုင်ငံသားအဖြစ် ခံယူခဲ့ကြသည်။ အက်ဒ်ဒီဘေရာသည် တိုဂို၏ ဘောလုံးသူရဲကောင်းတစ်ဦးဖြစ်သည်။ သူသည် ၁၉၆၀ ပြည့်လွန်နှစ်များက ဘောလုံးသူရဲကောင်းအဖြစ် ကျော်ကြားခဲ့သော ဖရန့်စ်ဖီယားဂူးထက် သာသည်။ အက်ဒ်ဒီဘေရာသည် နောက်ဆုံးခြေစစ်ပွဲတွင် ၁၁ ဂိုး သွင်းခဲ့သည်။

ဘောလုံးအသင်းတစ်သင်း ရှေ့သို့တရွေ့ရွေ့ တိုးတက်လာခဲ့လျှင် အားပေးသော ပြည်သူများကလည်း အသစ်အသစ်သော မျှော်လင့်ချက်များ ထားလာတတ်ကြသည်။

"တိုဂိုအသင်းရဲ့ တရိပ်ရိပ်တိုးတက်လာတဲ့ အနေအထားတွေကို ကြည့်လိုက်မည်ဆိုရင် ပြည်သူတွေရဲ့ အားပေးမှုကြောင့် အောင်မြင်မှုရတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ ဘောလုံးပွဲတစ်ပွဲရဲ့ အင်အားဆိုတာ ခင်ဗျားတို့ သဘောပေါက်ကြမှာပါ။ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရလိုက်တဲ့ တိုဂိုပြည်သူ၊ ပြည်သားတွေဟာ သူတို့ရဲ့ ဒုက္ခသုက္ခတွေကို မေ့ပျောက်ပြီး အပျော်ကြီးပျော်နေကြပြီပေါ့။ အခုလို အာဖရိကမှ အသင်းသစ်တွေ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရဖို့ လိုအပ်ပါတယ်။ ကမ္ဘာ့ဖလားကို တစ်ခါမှ ဝင်မကစားဖူးသေးတဲ့ အသင်းတွေအတွက် အခွင့်အရေးတစ်ခုဆိုတာ နားလည်သဘောပေါက်ဖို့ ကောင်းပါတယ်။ အာဖရိကတိုက်ဘောလုံး လောကအတွက်လည်း ကောင်းတဲ့လက္ခဏာပါပဲ" ဟု ဖင်ဘာဘွေ ဘောလုံးသမားများ သမဂ္ဂမှ နာယက ရက်ဖီယာချီဝါရာက ထုတ်ဖော်ပြောကြားခဲ့သည်။ ။



တိုဂိုနိုင်ငံ လက်ရွေးစင်ဘောလုံးအသင်းကို တွေ့ရစဉ်။

## လျှပ်စစ်အန္တရာယ် နှိုးဆော်ချက်

၁။ ယခုကဲ့သို့ မိုးရာသီအချိန်တွင် ဓာတ်လိုက်မှုကြောင့် အသက်ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ပါသဖြင့် ပြည်သူလူထုအား ဓာတ်လိုက်မှုအန္တရာယ် ကင်းဝေးစေရေးအတွက် အောက်ပါအချက်များကို သတိပြုကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အသုံးပြုထားသော ဝါယာကြိုးများ ဆွေးမြည့်ပေါက်ပြဲနေခြင်း၊
(ခ) ဆားဗစ်ကြိုးပေါက်၍ ဆားဗစ်ကြိုးကို ပူးတွဲချည်ထားသော ဝန်ထမ်းကြိုးတွင် ဓာတ်အားစီးဝင်နေခြင်း၊
(ဂ) မိုးဒဏ်လေဒဏ်ကြောင့် ဓာတ်ကြိုးများပြတ်ကျနေခြင်း၊
(ဃ) ဓာတ်အားလိုင်းပေါ်သို့ သစ်ပင်ပြိုလဲကျနေခြင်း၊
(င) ဓာတ်အားလိုင်းပေါ်သို့ သစ်ကိုင်းကျိုးကျနေခြင်း၊
(စ) ဓာတ်ကြိုးနှင့် သစ်ကိုင်းထိနေခြင်း၊
(ဆ) ဓာတ်တိုင် ကားတိုက်ခံရ၍ လဲကျနေခြင်း၊
(ဇ) ဓာတ်ကြိုးများရှော့ဖြစ်ပြီး မီးများပန်းထွက်နေခြင်း၊
(ဈ) ဓာတ်ကြိုးများလျော့ကျနေခြင်း၊
(ည) ဓာတ်တိုင်ပေါ်သို့ တာဝန်ရှိသူမဟုတ်ဘဲ တက်ရောက်ခြင်း၊
(ဋ) လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်မရရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၂။ အထက်ပါအချက်များ ဖြစ်ပေါ်နေသည်ကို တွေ့ရှိပါက သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများသို့ အမြန်ဆုံးဆက်သွယ် အကြောင်းကြားကြပါရန်။

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

## ချစ်ကြည်ရေးခြေစမ်းပွဲ ဆိုးလ်တွင်ကျင်းပ ကိုရီးယားက ဘော့စနီးယားကို အနိုင်ရ

**ဆိုးလ် မေ ၂၇**

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် တောင်ကိုရီးယားနိုင်ငံ အသင်းနှင့် ဘော့စနီးယားနိုင်ငံအသင်းတို့ တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်တွင် သောကြာနေ့က ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

တောင်ကိုရီးယားနိုင်ငံအသင်းတွင် ဥရောပအခြေစိုက် ဘောလုံးသမားများဖြင့် ပြန်လည်အားဖြည့်ထားသဖြင့် အင်အားခိုင်မာတောင့်တင်းလျက်ရှိသည်။

ပွဲချိန်မိနစ် ၅၀ တွင် တောင်ကိုရီးယားနိုင်ငံအသင်းမှ အင်ယွန်ဟွန်ကန်သွင်းသည့် ဘောလုံးကို ဘော့စနီးယားအသင်း ဂိုးသမား ရှိမီယိုမီထရိုဗစ်က ကြိုးပမ်းကာကွယ်သော်လည်း မသေမသပ်ဖြစ်မှုကြောင့် ဘောလုံးပြန်အန်ထွက်လာရာ ဆိုကီဟိုင်းက အနီးကပ်သွင်းယူခဲ့၍ ပထမဂိုးရသွားခဲ့သည်။

ပွဲချိန်မိနစ် ၉၀ တွင် တောင်ကိုရီးယားအသင်းမှ ချိုဂျေကျင်းက ပြစ်ဒဏ်ဘောကို ဧရိယာအစပ်မှကန်သွင်းယူကာ ဒုတိယဂိုးရရှိသွားသည်။ ***အင်တာနက်။***

## အင်ဒရူးဂျွန်ဆင်ပြောင်းရွှေ့ရေး အဲဗာတန်နှင့် ပဲလေ့စ်သဘောတူ

**လန်ဒန် မေ ၂၇**

အင်္ဂလန်တိုက်စစ်မှူး အင်ဒရူးဂျွန်ဆင် အသင်းပြောင်းရွှေ့ဖွယ်ရှိမှုနှင့် ပတ်သက်၍ အဲဗာတန်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ သဘောတူညီမှုရရှိကြောင်း အဲဗာတန်အသင်းက စနေနေ့တွင် ပြောကြားသည်။

**အဲဗာတန်သို့**

အဲဗာတန်အသင်းနှင့် ခရစ္စတယ်လ်ပဲလေ့စ်အသင်းတို့သည် အပြီးသတ်သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ရာ အသက် (၂၅) နှစ်အရွယ်ရှိ ဂျွန်ဆင်သည် ခရစ္စတယ်လ်ပဲလေ့စ်အသင်းမှ အဲဗာတန်အသင်းသို့ ယင်းအသင်းအတွက် စံချိန်တင် အသင်းပြောင်းရွှေ့ကြေးဖြင့် ရောက်လာမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂျွန်ဆင်သည် ဂျာမနီနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်မည့် အင်္ဂလန်အသင်းတွင် အရန်ဘောလုံးသမားအဖြစ် ရွေးချယ်ခံထားရသည်။

***အင်တာနက်။***



စပိန်ရှိ ဗလင်စီယာကလပ်အသင်းသို့ ပြောင်းရွှေ့မည့် လီဗာပူး တိုက်စစ်မှူး ဖာနန်ဒိုမော်ရင်တေး။ *(ဓာတ်ပုံ-အင်တာနက်)*

## လီဗာပူးတိုက်စစ်မှူး မော်ရင်တေး ဗယ်လင်စီယာသို့ ပြောင်းရွှေ့မည်

**မဒရစ် မေ ၂၇**

လီဗာပူး တိုက်စစ်မှူး ဖာနန်ဒိုမော်ရင်တေးသည် စပိန်လာလီဂါကလပ်အသင်းဖြစ်သော ဗလင်စီယာအသင်းတွင် ပါဝင်ကစားရန် သုံးနှစ်သက်တမ်းရှိ ကန်ထရိုက်စာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း အဆိုပါကလပ်အသင်း၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

စပိန်လူမျိုး မော်ရင်တေးသည် ဗလင်စီယာအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူထားသည်ဟု လီဗာပူးအသင်းက ကြာသပတေးနေ့တွင် ပြောကြားခဲ့သော်လည်း အသင်းပြောင်းရွှေ့ကြေးမည်မျှရှိသည်ကို ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။ သို့ရာတွင် ဗလင်စီယာအသင်း၏ အားကစားဒါရိုက်တာ အာမီဒီယိုကာဘိုနီက သောကြာနေ့အစောပိုင်းတွင် ပြောကြားရာတွင်မူ သဘောတူနိုင်မှုရရှိရန် လိုအပ်သေးသည်ဟု ဆိုသည်။

အသက် (၃၀) အရွယ်ရှိ မော်ရင်တေးသည် ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် ရီးယဲမက်ဒရစ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ၎င်းသည် ပွဲပေါင်း ၆၁ ပွဲတွင် ၁၂ ဂိုးသွင်းယူခဲ့သည်။ ***အင်တာနက်။***




- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူချမှတ်မှုများနှင့် အသေးစိတ်အခြေခံမူချမှတ်မှုများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရသာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေး သူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည် —

## စိုးမြကျော် ၏

## အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန် ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀) ရောင်းဈေး ၂၀၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့။ ဖုန်း - ၃၈၁၄၄၈၊ ၂၉၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၄၀၆




## ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့နေ ကိုထွန်းဝင်း-မယဉ်ယဉ်မိုးတို့က အက်ဖ်အီးစီ ၃၀၀ကို ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ရှေ့မှောက်၌ ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

## မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲ

**ရန်ကုန် မေ ၂၇**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေစက်တော်ကျောင်းမှ ဦးသုန္ဒရ (မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ရွှေပြည်သာမြို့ နိဗ္ဗိန္ဒကျောင်းတွင် ဇွန် ၅ရက်မှ ၁၄ရက်အထိ ၁၀ရက် အလုပ်ပေးတရားစခန်းပွဲကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။

(က-ပ)






## Misss ခေါင်းလျှော်ရည် မဟာကံထူးရှင်ရွေးချယ်

**ရန်ကုန် မေ ၂၇**

ဆုဇူကီးကားနှင့် GSMဖုန်းအပြင် အခြားဆုမဲပေါင်းများစွာ ပါဝင်သော Misssခေါင်းလျှော်ရည်၏ မဟာကံထူးရှင်ရွေးချယ်ပွဲကို ယမန်နေ့တွင် ရန်ကုန်မြို့ရှိ Traders Hotel ၌ ကျင်းပရာ **(အပေါ်ပုံ)** အခမ်းအနားတွင် ချောစုခင်၊ သဇင်နှင့် ခေတ်ပေါ်အကအဖွဲ့တို့က ဖျော်ဖြေကြသည်။

ဆုမဲများကို မဂ္ဂဇင်းများမှ တာဝန်ရှိသူများက ရွေးချယ်ပေးသည့်အပြင် GSMဖုန်းနှစ်လုံး၏ ကံထူးရှင်များကို သဇင်နှင့် ချစ်သုဝေတို့က ရွေးချယ်ပေးကြရာ မမေသူဟိန်း [၅/ကနန(နိုင်) ဝ၃၄၁၃၄]၊ ဦးညွန့်ဝေ (တရားရုံးရှေ့နေ) စိုက်ပျိုးရေးလမ်း ဒေါနခြံရပ်ကွက် မုံရွာမြို့ စစ်ကိုင်းတိုင်းနှင့် မမိုးမိုးလွင် [၉/ဗနမ(နိုင်) ဝ၉၇၈၅၉]၊ ၁၉x၂၀ လမ်းကြား၊ ၈၉လမ်း မိုးမိုးလွင်ဆံပင်မိတ်ကပ်တို့က ရရှိသွားကြသည်။

မဟာအထူးဆုဖြစ်သော ဆုဇူကီးပစ်ကပ်ကားအသစ် တစ်စီး၏ ကံထူးရှင်ကို ကုန်သည်ကြီးများနှင့် အဆိုတော် စိုင်းစိုင်းခမ်းလှိုင်တို့က ရွေးချယ်ပေးကြရာ မသန်းသန်းဆင့် ၉/မရမ (နိုင်) ဝ၃၃၁၉၈၊ အမှတ်(၄၄)၊ (ဗ/၃) ပိတောက်လမ်း၊ ၅၇x၅၈ လမ်းကြား၊ ကန်သာယာမြို့သစ်၊ မန္တလေးမြို့က ရရှိသွားပြီး ဧည့်သည်များအား ညစာဖြင့်ဧည့်ခံသည်။ Misssခေါင်းလျှော်ရည်၏ ကံထူးရှင်များ အားလုံးအား နေ့စဉ်ထုတ် သတင်းစာနှင့် အပတ်စဉ်ဂျာနယ်များ၌ ထည့်သွင်း ကြေညာပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)



မေ ၂၇ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်မောင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်တပ်ဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးကြစဉ်။ (၃၂)

သာကေတမြို့နယ် ပညာရေးမိသားစု နယ်မြေ(၃) ကျောင်းအပ်နှံရေးနေ့နှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မေ ၂၇ရက်က အထက(၃) သာကေတ သီရိရတနာခန်းမတွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအေးကြိုင် အမှာစကားပြောကြားစဉ်။

(ပညာရေး)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော်အရှင်သူမြတ်တစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❊ ရှေ့ဖုံးမှ

ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိကဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်နှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကိုဆက်ကပ်သည်။

### တက်ရောက်ကြည်ညို

အဆိုပါ ချီးကျူးပူဇော်ပွဲ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲသြဝါဒါစရိယ ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေး စာထောက်စာမ ဆရာတော်များ၊ စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ဒီဃနိကာယ ကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သူမြတ်တစ်ပါးအားဘွဲ့တံဆိပ်တော်နှင့်အောင်လက်မှတ်ဆက်ကပ်စဉ်။

(သတင်းစဉ်)

## ယနေ့မိုးလေဝသ

(၂၈–၅–၂၀၀၆)

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်များနှင့် ဝိနယကောဝိဒဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်စဉ်။ (သတင်းစဉ်)

## ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

✳ ယခုအချိန်အခါသည် မိုးရာသီသို့ ဝင်ရောက်စပြုလာပြီဖြစ်ရာ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းလျှော ဝမ်းပျက်ရောဂါ၊ နှာစေး အဖျားရောဂါများ မဖြစ်ပွားစေရန် အစားအသောက်၊ အနေအထိုင်၊ သွားလာလှုပ်ရှားမှုများတွင် သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။

(ခေါင်းကြီး) စာမျက်နှာ–၂

✳ ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များ၏ ဆီအုန်းစိုက်ခင်းများ၊ ဆီကြိတ်စက်ရုံများဖြင့် တနင်္သာရီဒေသသည် ဖွံ့ဖြိုးတိုးတက် စည်ကားလျက်ရှိပါသည်။ ယခုအခါ ၎င်းဒေသတွင် ဆီအုန်း စိုက်ပျိုးရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား လျာထားပေးသည့် မြေမှာ ၁၄၃၁၆၁၉ ဧက ဖြစ်ပြီး ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ် မေလအထိ ၁၆၃၀၄၈ဧက တိုးချဲ့စိုက်ပျိုးပြီးစီးခဲ့ပြီး အထူးအောင်မြင်လျက်ရှိပါသည်။

ကြည်တင် (မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၏ **"အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆီအုန်းစိုက်ပျိုးရေး"** (ဆောင်းပါး) စာမျက်နှာ–၃